မြန်မာသတင်းလွှာ

မြန်မာနိုင်ငံမှတလအတွင်းဖြစ်ရပ်များအားသုံးသပ်မှု

A L T E R N A T I V E   A S E A N   N E T W O R K   O N   B U R M A
campaigns, advocacy & capacity-building for human rights & democracy

အမှတ်စဉ် ၇၉ | ၂၀၁၃ ခု၊ ဇူလိုင်လ

ဤသတင်းလွှာတွင်

ပင်မသတင်း
၂ ကျိုးကြောင်းမဲ့စိတ်ထင်ရာ ဖမ်းဆီးမှုများ/ထောင်ချ အပစ်ပေးမှုများ
၃ နိုင်ငံရေးအကျဉ်းသားများလွှတ်ပေး
မြန်မာနိုင်ငံပြည်တွင်းသတင်းများ
၃ သတ္တမအကြိမ်မြောက်လွှတ်တော်အစည်းအဝေး
၄ နစက အဖွဲ့ဖျက်သိမ်း
၄ ချိုးဖောက်မှုများကို အစိုးရမှငြင်းဆို
၅ ဗုဒ္ဓဘာသာဝင်များ၊ မွတ်စလင်ဘာသာဝင်များ ထောင်ချခံရ
၆ နောက်ထပ်မွတ်စလင်ဆန့်ကျင်ရေးတိုက်ခိုက်မှုများ
၆ ဦးဝီရသူ၏စည်းရုံးလှုံ့ဆော်မှုများ
၆ အစိုးရစစ်တပ်မှ တိုင်းရင်းသားများအား ပစ်မှတ်ထား
၇ အစိုးရနှင့် UWSA သဘောတူညီမှု
၇ မြေယာသိမ်းယူမှုအတွက် ဆန္ဒပြမှုများ
၇ ဦးသိန်းစိန်က ဝန်ကြီးအဖွဲ့ဝင်များအား အပြောင်းအလဲလုပ်
၈ မုံရွာကြေးနီမိုင်းနောက်ဆုံးအခြေအနေ
လူ့အခွင့်အရေး
၉ စာနယ်ဇင်းဥပဒေကြမ်း အဝေဖန်ခံရ
အိုးအိမ်မှဖယ်ရှားခံရမှုများ
၉ ရိုဟင်ဂျာများ အစုလိုက်အပြုံလိုက်ဆက်လက်ထွက်ခွါ
နိုင်ငံတကာရေးရာ
၁၀ UK နှင့်ဥရောပသို့ ဦးသိန်းစိန်သွားရောက်
၁၀ US ကအစိုးရအရာရှိအား နာမည်ပျက်စာရင်းသွင်း
၁၀ ရိုဟင်ဂျာများနှင့် ပတ်သက်သည့် နိုင်ငံတကာ၏ စိုးရိမ်ပူပန်မှုများ
၁၁ မြန်မာနိုင်ငံဆိုင်ရာအခြားသတင်းများ
၁၄ အစီရင်ခံစာများ

- သမ္မတဦးသိန်းစိန်မှ နှစ်ကုန်တွင်နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ပေးမည်ဟုကတိပေးခဲ့သော်လည်း လယ်သမားများ၊ တက်ကြွလှုပ်ရှားသူများနှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအား ကျိုးကြောင်းမဲ့စိတ်ထင်သလို ဖမ်းဆီးမှု၊ထောင်ချမှုများအားအစိုးရမှဆက်လက်ပြုလုပ်လျက်ရှိပါသည်။
- အစိုးရသည် နောက်ဆုံးပေးခဲ့သော သမ္မတ၏လွတ်ငြိမ်းချမ်းသာခွင့်တွင် နိုင်ငံရေးအကျဉ်းသား ၇၃ ဦးအားလွှတ်ပေးခဲ့သော်လည်း အတိုက်အခံ ၁၀၀ ခန့်အကျဉ်းထောင်များထဲတွင်ရှိနေဆဲဖြစ်ပါသည်။
- နာမည်ဆိုးဖြင့်ကျော်ကြားသော နယ်ခြားလုံခြုံရေးတပ်ဖွဲ့ နစက အား သမ္မတဦးသိန်းစိန်မှဖျက်သိမ်းလိုက်ခြင်းသည် ရိုဟင်ဂျာများ၏အခြေအနေအား တိုးတက်မှုမဖြစ်စေခဲ့ပါ။ ရိုဟင်ဂျာများအား ဖိနှိပ်ခွဲခြားကာ ချိုးဖောက်ဆက်ဆံသည့် နစက၏အမွေကို ရဲတပ်ဖွဲ့ဝင်များကဆက်လက်ပြုလုပ်ဆက်ခံခဲ့ကြသည်။
- မန္တလေးတိုင်း မိတ္ထီလာမြို့တွင် မတ်လကဖြစ်ပွားခဲ့သည့် ဘာသာရေးအဓိကရုဏ်းများနှင့်ဆက်စပ်ကာ မွတ်စလင် ၇ ဦးအပါအဝင် လူ ၃၃ ဦးကို အစိုးရမှအပစ်ဒါဏ်များချမှတ်ခဲ့သည်။
- မြန်မာနိုင်ငံ မြောက်ဘက်၊ အရှေ့ဘက်နှင့်တောင်ဘက်တို့တွင်ရှိသော ကချင်လွတ်မြောက်ရေးတပ်မတော်၊ တအောင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်၊ ရှမ်းပြည်တပ်မတော်-မြောက်ပိုင်း နှင့် မွန်ပြည်သစ်ပါတီတို့အပေါ် အစိုးရတပ်များမှပစ်မှတ်ထားလာသည်နှင့်အတူပဋိပက္ခများလည်း ပြင်းထန်လာခဲ့ပါသည်။
- ပုံနှိပ်ထုတ်ဝေရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ကအတည်ပြုပေးလိုက်သော်လည်း ထုတ်ဝေခွင့်လိုင်စင်များကိုချထားပေးရန်၊ ရပ်ဆိုင်းထားရန်နှင့် ပြန်လည်ရုပ်သိမ်းရန်တို့ကို အစိုးရပြန်ကြားရေးဝန်ကြီးဌာနအား လုပ်ပိုင်ခွင့်ပေးထားသည့်အတွက် စာနယ်ဇင်းသမားများကထိုဥပဒေအား ပြင်းထန်စွာဝေဖန်လိုက်ကြသည်။
- ၁၉၈၈ခုမှ ၂၀၁၀ခုနှစ်အကြား မြန်မာနိုင်ငံတနံတလျားတွင် သိမ်းယူထားသောမြေများ၏ ၆ %ကိုသာ စစ်တပ်မှပြန်လည်ပေးအပ်သွားမည်ဖြစ်သည်ဟု အစိုးရကပြောကြားလိုက်သည့်အတွက် မြန်မာပြည်အနှံ့မှလယ်သမားများသည် သူတို့၏အသိမ်းခံရသောမြေယာများအားပြန်လည်ရရှိရေးအတွက် လှုပ်ရှားမှုများကို ဆက်လက်လုပ်ဆောင်ခဲ့ကြသည်။
- လန်ဒန်နှင့်ပဲရစ်သို့သွားရောက်သော နိုင်ငံခြားခရီးစဉ်အတွင်း သမ္မတဦးသိန်းစိန်သည် အစိုးရ၏စီးပွားရေးအစီအစဉ်ကို အတင်းတွန်း၍လုပ်ဆောင်ခဲ့သည်။

P O BOX 296, LARDPRAO POST OFFICE, BANGKOK 10310, THAILAND
TEL ▼ 081 850 9008 ▼ [6681] 850 9008 EMAIL ▼ publications@altsean.org WEB ▼ www.altsean.org

ပင်မသတင်း

ကျိုးကြောင်းမဲ့စိတ်ထင်ရာ ဖမ်းဆီးမှုများနှင့်ထောင်ချ အပစ်ပေးမှုများဆက်လက်ဖြစ်ပေါ်နေ

သမ္မတဦးသိန်းစိန်မှ နှစ်ကုန်တွင်နိုင်ငံရေးအကျဉ်းသားအားလုံးကိုလွတ်ပေးမည်ဟု ဇူလိုင်လ ၁၅ ရက်နေ့က ကတိပေးခဲ့သော်လည်း လယ်သမားများ၊ တက်ကြွလှုပ်ရှားသူများနှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအား ကျိုးကြောင်းမဲ့စိတ်ထင်သလို ဖမ်းဆီးမှု၊ထောင်ချမှုများအား အစိုးရမှဆက်လက်ပြုလုပ်လျက်ရှိပါသည်။

- **ဇူလိုင် ၇** - မန္တလေးတိုင်း သာစည်မြို့နယ်မှ ဧပြီလအတွင်းကမြေယာသိမ်းယူမှုများနှင့်ပတ်သက်၍ ဆန္ဒပြခဲ့ကြသည့် လယ်သမားများနှင့်သွားရောက်ပူးပေါင်းခဲ့၍ဟုဆိုကာ NLD အဖွဲ့ဝင်ဦးမင်းဆွေအား ပဲခူးတိုင်းတောင်ငူမြို့နယ်မှရဲများက ဖမ်းဆီးခဲ့ကြသည်။
- **ဇူလိုင် ၈** - ဖမ်းဆီးထိန်းသိမ်းခံလိုက်ရသော NLD အဖွဲ့ဝင်ဦးမင်းဆွေအားသွားရောက်တွေ့ဆုံခဲ့သည့် လယ်သမားတဦးဖြစ်သူဦးလင်းအား မန္တလေးတိုင်းသာစည်မြို့နယ်မှရဲများက ဖမ်းဆီးခဲ့ကြသည်။
- **ဇူလိုင် ၈** - စစ်ကိုင်းတိုင်းရွှေဘိုမြို့နယ်မှ တရားရုံးတခုက တက်ကြွလှုပ်ရှားသူကိုအောင်စိုးအား နိုင်ငံတော်လုံခြုံရေးအားခြိမ်းခြောက်ခြင်း၊ ဧပြီလ ၂၅ ရက်နေ့ကပြုလုပ်သော မုံရွာကြေးနီမိုင်းအားငြိမ်းချမ်းစွာဆန္ဒပြမှုတွင်ပါဝင်ခဲ့ခြင်း စသည်တို့အပါအဝင် တရားစွဲဆိုမှုအမျိုးအမျိုးတို့ဖြင့် နောက်ထပ်ထောင်ဒဏ် ၁၀ နှစ်ချမှတ်လိုက်သည်။ ယခုအခါကိုအောင်စိုးသည် စုစုပေါင်းထောင်ဒဏ် ၁၁ နှစ်နှင့် ၆ လကျခံရမည်ဖြစ်သည်။ ရွှေဘိုတရားရုံးက လယ်သမားနှစ်ဦးအားလည်း ဧပြီ ၂၅ ဆန္ဒပြမှုနှင့်ဆက်စပ်ကာ အထိကရုဏ်းများဖြစ်ပေါ်လာစေရန်လှုံ့ဆော်သည်ဆိုသည့် စွဲဆိုချက်ဖြင့် နောက်ထပ်ထောင်ဒဏ် ၂ နှစ်စီချမှတ်ခဲ့သည်။ ထိုလယ်သမားနှစ်ဦးသည် ယခုအခါစုစုပေါင်း ထောင်ဒဏ် ၂ နှစ်နှင့် ၆ လစီကျခံကြရမည်ဖြစ်သည်။
- **ဇူလိုင် ၁၀** - ၂၀၁၁ ခုနှစ်က "နိုင်ငံရေးအကျဉ်းသားများလွှတ်ပေး" ဆိုသည့်ပိုစတာလှုပ်ရှားမှုအတွက် စည်းရုံးလှုံ့ဆော်ခဲ့သည့် မျိုးဆက်လိုင်းအဖွဲ့မှတက်ကြွလှုပ်ရှားသူကိုဝေဖြိုးအား ပဲခူးတိုင်း၊ ပြည်မြို့နယ်မှရဲများက ပုံနှိပ်နှင့်ထုတ်ဝေရေးမှတ်ပုံတင်ဥပဒေဖြင့် ဖမ်းဆီးခဲ့ကြသည်။
- **ဇူလိုင် ၁၅** - ရခိုင်ပြည်နယ် စစ်တွေမြို့နယ်မှရဲများက အသက် ၇၄ နှစ်ရှိရိုဟင်ဂျာလူမျိုးတက်ကြွလှုပ်ရှားသူရှေ့နေဦးကျော်လှအောင်အား ဧပြီလနှောင်းပိုင်းတွင် စစ်တွေမြို့နယ်မှရိုဟင်ဂျာ IDP များပြုလုပ်ခဲ့သောဆန္ဒပြမှုနှင့်ဆက်စပ်ကာဖမ်းဆီးခဲ့ကြသည်။
- **ဇူလိုင် ၁၈** - ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်တရားရုံးက ကချင်လယ်သမားဦးဘရန်ရှောင်အား ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) နှင့်အဆက်အသွယ်ရှိသည်ဟုစွပ်စွဲကာ မတရားအသင်းအက်ဥပဒေဖြင့် ထောင်ဒဏ် ၂ နှစ်ချမှတ်ခဲ့သည်။ ဇူလိုင်လ ၂၃ ရက်နေ့ကထုတ်ပြန်သော သမ္မတ၏လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ဦးဘရန်ရှောင်အားအစိုးရမှ ပြန်လွှတ်ပေးခဲ့သည်။ [အောက်မှ *နိုင်ငံရေးအကျဉ်းသားများ - ၇၃ ယောက်လွတ်၊ ၁၀၀ ခန့်ကျန်ရှိနေသေး* တွင်ကြည့်ပါ။]
- **ဇူလိုင် ၁၈** - ကချင်ပြည်နယ် မြစ်ကြီးနားမှရဲများက ကချင်လူမျိုးမြေယာအခွင့်အရေးလှုပ်ရှားသူ အမျိုးသားဒီမိုကရေစီအင်အားစု (NDF) အဖွဲ့ဝင်ဒေါ်ဘောက်ဂျာအား ပေ့ါဆမှုအတွက်လူသေစေမှုဖြင့်တရားစွဲဆိုလိုက်သည်။ NDF ကထိုစွဲဆိုမှုသည် နိုင်ငံရေးတွန်းအားအရလုပ်ဆောင်ခြင်းသာဖြစ်ကာ ထိုတရားစွဲဆိုမှုအား ၂၀၁၀ ခုနှစ်ကရပ်ဆိုင်းထားပြီးဖြစ်သည်ဟုပြောကြားခဲ့သည်။

ထို့အပြင်ဇွန်လတလတွင်းတွင်လယ်သမားနှင့်တက်ကြွလှုပ်ရှားသူ ၁၄၉ဦးအား အစိုးရမှရာဇဝတ်မှုများအဖြစ်သတ်မှတ်၍ တရားစွဲဆိုထားရာ ၎င်းတို့ထဲမှ ၇၀ ဦးမှာ တရားရင်ဆိုင်နေရသည်ဟု နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP) ကအစီရင်ခံထားသည်။

ဇူလိုင်လ ၂၉ ရက်နေ့တွင် ကုလသမဂ္ဂမြန်မာနိုင်ငံဆိုင်ရာလူ့အခွင့်အရေး အထူးကိုယ်စားလှယ်သောမတ်စ်အိုဂျေကွင်တားနားက မြန်မာနိုင်ငံမှဆက်လက် ဖြစ်ပေါ်နေသော နိုင်ငံရေးတွန်းအားဖြင့်ဖမ်းဆီးမှုများနှင့်ထောင်ဒဏ်ချမှတ်မှုများ အားငြင်းအနေဖြင့်အထူးစိုးရိမ်ပူပန်နေပါသည်ဟု

ပြောကြားလိုက်သည်။ အိုဂျေ ကွင်တားနားက အစိုးရမှခန့်အပ်ထားသော နိုင်ငံရေးအကျဉ်းသားများစီစစ်ရေးကော်မတီတွင် ကျိုးကြောင်းမဲ့စိတ်ထင်သလိုဖမ်းဆီးနေမှုများအား စုံစမ်းစစ်ဆေး နိုင်ရန်လုပ်ပိုင်ခွင့်ရှိသင့်သည်ဟုလည်း ပြောကြားလိုက်သည်။

နိုင်ငံရေးအကျဉ်းသားများ - ၇၃ ယောက်လွတ်၊ ၁၀၀ ခန့်ကျန်ရှိနေသေး

ဇူလိုင်လ ၂၃ ရက်နေ့တွင် နောက်ဆုံးပေးခဲ့သောသမ္မတ၏လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် နိုင်ငံအနှံ့ရှိအကျဉ်းထောင်များမှ နိုင်ငံရေးအကျဉ်းသား ၇၃ ယောက်ကိုအစိုးရမှလွတ်ပေးခဲ့သည်။ လွတ်မြောက်လာသူအများစုသည် ကချင်လွတ်မြောက် ရေးတပ်မတော် (KIA)၊ ရှမ်းပြည်တပ်မတော် - တောင်ပိုင်း (SSA-S) တို့နှင့်ဆက်သွယ်သည်ဟူသော စွပ်စွဲချက်များဖြင့် ထောင်ဒါဏ်ကျခံခဲ့ရသူများဖြစ်ပါသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့ (FPP) ၏အဆိုအရ အကျဉ်းထောင်များ အတွင်းတွင် နိုင်ငံရေးအကျဉ်းသား ၁၀၀ ခန့်ကျန်ရှိနေပါသေးသည်။

ဦးသိန်းစိန်၏အကျဉ်းသားများလွတ်ပေးမှု

နေ့စွဲ	အကျဉ်းသားစုစုပေါင်း	နိုင်ငံရေး အကျဉ်းသား
16 May 11	14,578	58
12 Oct 11	6,359	240
4 Jan 12	6,656	36
13 Jan 12	651	302
3 Jul 12	80	25
17 Sep 12	514	88
15 Nov 12	452	0
16 Nov 12	66	51
23 Apr 13	93	59
17 May 13	23	19
23 Jul 13	73	73
စုစုပေါင်း	**29,545**	**951**

သတင်းအရင်းအမြစ်: NLM; AAPP

မြန်မာနိုင်ငံပြည်တွင်းသတင်း

သတ္တမအကြိမ်မြောက်လွှတ်တော်အစည်းအဝေးဆက်လက်ကျင်းပ

ဇွန်လ ၂၅ ရက်နေ့ကစတင်ခဲ့သော လွှတ်တော်သတ္တမအကြိမ်မြောက်အစည်းအဝေးအား နေပြည်တော်တွင်ဆက်လက်ပြုလုပ်ခဲ့သည်။ အရေးကြီးသောဖြစ်ထွန်းမှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- **ဇူလိုင် ၁** - မြန်မာနိုင်ငံ၏လက်ရှိရွေးကောက်ပွဲစနစ်အားပြုပြင်ရန်အတွက်ဆွေးနွေးရန်အစိုးရရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဦးတင်အေးမှတင်သွင်းလာသောအဆိုကိုလွှတ်တော်လုပ်နည်းလုပ်ဟန်နှင့်အညီတင်သွင်းခဲ့ခြင်းမဟုတ်သောကြောင့်ဟုဆိုက ၁ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးခင်အောင်မြင့်ကပယ်ချခဲ့သည်။
- **ဇူလိုင် ၁** - ဒေါက်တာဆိတ်ဖွားဟူသောအမည်ဝှက်ဖြင့် လူသိများသည့်ဘလော့ဂါတဦး၏ အွန်လိုင်းပေါ်တွင်လုပ်ဆောင်မှုများအား စုံစမ်းစစ်ဆေးရန်တာဝန်ရှိသောကော်မတီ၏ဥက္ကဋ္ဌဦးမြငြိမ်းက ကော်မတီသည်ထိုဘလော့ဂါ မည်သူမည်ဝါဖြစ်သည်ဆိုသည်ကို မဖော်ထုတ်နိုင်ခဲ့ပါဟုအမျိုးသားလွှတ်တော်အားပြောကြားခဲ့သည်။
- **ဇူလိုင် ၂** - အမျိုးသားလွှတ်တော်အစည်းအဝေးက ဆက်သွယ်ရေးဆိုင်ရာဥပဒေကြမ်းကို အတည်ပြုခဲ့သည်။
- **ဇူလိုင် ၄** - ပြည်သူ့လွှတ်တော်အစည်းအဝေးက ပုံနှိပ်နှင့်ထုတ်ဝေရေးဥပဒေကြမ်းကို အတည်ပြုခဲ့သည်။ [အောက်မှ *စာနယ်ဇင်းဥပဒေမူကြမ်းကို စာနယ်ဇင်းသမားများကပြင်းထန်စွာဝေဖန်* တွင်ကြည့်ပါ။] ယခုအခါထိုမူကြမ်းသည် ဆွေးနွေးနိုင်ရန်အတွက် အမျိုးသားလွှတ်တော်တွင်ရောက်ရှိနေပြီဖြစ်သည်။
- **ဇူလိုင် ၈** - အမျိုးသားလွှတ်တော်ကမြန်မာနိုင်ငံဗဟိုဘဏ်ဥပဒေမူကြမ်းကို အတည်ပြုပေးခဲ့သည်။ ဇူလိုင် ၁၁ ရက်နေ့တွင် သမ္မတဦးသိန်းစိန်ကထိုမူကြမ်းကို ဥပဒေအဖြစ်လက်မှတ်ရေးထိုးခဲ့သည်။ ထိုဥပဒေသည် ဗဟိုဘဏ်အား အစိုးရ၏ဘဏ္ဍာရေးဝန်ကြီးဌာနအောက်မှ ကင်းလွတ်စွာမိမိကိုယ်ကိုစီမံအုပ်ချုပ်ခွင့်အား ပိုမိုပေးလိမ့်မည်ဟုမျှော်လင့်ရပါသည်။
- **ဇူလိုင် ၉** - ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တဦး၏ မေးခွန်းအားပြန်လည်ဖြေကြားရာတွင် အစိုးရပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်ကျော်ကျော်ထွန်းက အစိုးရသည်ပြင်းထန်သော ၁၉၅၀ ခု အရေးပေါ်စီမံချက်အက်ဥပဒေ သို့မဟုတ် ၁၉၇၅ ခု နိုင်ငံတော်ကာကွယ်ရေးဥပဒေတို့အား ပြင်ဆင်ရန် သို့မဟုတ် ဖျက်သိမ်းရန်အစီအစဉ်မရှိပါဟု ပြောကြားလိုက်သည်။ ထိုဥပဒေနှစ်ခုသည် ၂၀၀၈ အခြေခံဥပဒေနှင့်လည်းဆန့်ကျင်ခြင်းမရှိပါဟု သူကပြောကြားသည်။

- **ဇူလိုင် ၁၆** - နိုင်ငံအနှံ့အပြားမှ မြေယာသိမ်းဆည်းမှုများနှင့်ပတ်သက်သည့် အစီရင်ခံစာများအားစုံစမ်းစစ်ဆေးရန် တာဝန်ရှိသည့် ကော်မရှင်မှတင်ပြလာသည့် အစီရင်ခံစာကိုအမျိုးသားလွှတ်တော်တွင်ဆွေးနွေးခဲ့ကြသည်။ အစီရင်ခံစာကိုဆွေးနွေးကြစဉ်အတွင်း အစိုးရကာကွယ်ရေးဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီးဝေလွင်က ၁၉၈၈ခုမှ၂၀၁၀ခုအကြား မြန်မာနိုင်ငံအနှံ့မှသိမ်းယူထားခဲ့သော မြေဧကပေါင်း ၂၉၇ ၀၀၀ အနက်မှ ၆.၁ ရာခိုင်နှုန်းဖြစ်သော ၁၈ ၃၀၀ ဧကကို သာတပ်မတော်မှ ပြန်လည်ပေးအပ်သွားမည်ဖြစ်သည်ဟု ပြောကြားခဲ့သည်။
- **ဇူလိုင် ၂၅** - ၂၀၀၈ အခြေခံဥပဒေအားပြန်လည်သုံးသပ်ရန်အတွက် အဖွဲ့ဝင် ၁၀၉ ဦးပါကော်မတီကိုဖွဲ့စည်းခြင်းအား အမျိုးသားလွှတ်တော်က အတည်ပြုပေးခဲ့သည်။ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဌမှ ဥက္ကဌအဖြစ်ဆောင်ရွက်သော ထိုကော်မတီသည် လွှတ်တော်၏နိုင်ငံရေးဖွဲ့စည်းထားမှုကို ရောင်ပြန်ဟပ်စေကာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး ပါတီ (USDP) မှကိုယ်စားလှယ် ၅၂ ဦး၊ စစ်တပ်မှခန့်အပ်ထားသောကိုယ်စားလှယ် ၂၅ ဦး၊ NLD မှကိုယ်စားလှယ် ၇ ဦး နှင့်တိုင်းရင်းသားနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်စုစုပေါင်း ၁၈ ဦးတို့ပါဝင်ကြသည်။
- **ဇူလိုင် ၂၆** - ခြစားမှုတိုက်ဖျက်ရေး ဥပဒေကြမ်းကိုအမျိုးသားလွှတ်တော်တွင် ထောက်ခံမဲ ၂၉၁ မဲ၊ ကန့်ကွက်မဲ ၂၁၁ မဲ တို့ဖြင့်အတည်ပြုခဲ့သည်။

နစက အားဖျက်သိမ်း၊ ရိုဟင်ဂျာများအပေါ် အကြမ်းဖက်ချိုးဖောက်မှုများ ဆက်လက်ဖြစ်ပေါ်ဆဲ

ဇူလိုင်လ ၁၂ ရက်နေ့တွင် သမ္မတဦးသိန်းစိန်သည် ရခိုင်ပြည်နယ်မြောက်ပိုင်းမှရိုဟင်ဂျာများအား နှိပ်စက်ညှင်းပန်းသည့်အတွက်နာမည်ဆိုးဖြင့်ကျော်ကြားသည့် နစက ဟုခေါ်သည့်အင်အားကောင်းသော နယ်စပ်လုံခြုံရေးတပ်ဖွဲ့ ၁၂၀၀ ကို ဖျက်သိမ်းကြောင်းအမိန့်အား ထုတ်ပြန်ခဲ့သည်။ သို့သော်လည်း ရိုဟင်ဂျာများ၏အခြေအနေတိုးတက်လာနိုင်သည်ဟူသော မျှော်လင့်ချက်များမှာတာရှည်မခံခဲ့ပါ။ ရဲတပ်ဖွဲ့ဝင်များမှနစက၏လုပ်ငန်းများကို လွှဲပြောင်းရယူခဲ့ကာ ကျိုးကြောင်းမဲ့ စိတ်ထင်သလိုဖမ်းဆီးမှုများ၊ ခြိမ်းခြောက်ငွေညစ်မှုများနှင့် အကြပ်ကိုင်ခြိမ်းခြောက်မှုများအပါအဝင် နစက မှရိုဟင်ဂျာများအပေါ်လုပ်ဆောင်သည့် ဖိနှိပ်ခွဲခြားဆက်ဆံမှုများနှင့် အကြမ်းဖက်ချိုးဖောက်မှုများအား ရဲတပ်ဖွဲ့ဝင်များကဆက်လက်လုပ်ဆောင်ခဲ့ကြောင်း သက်သေသာဓကများလျင်မြန်စွာထွက်ပေါ်လာခဲ့သည်။

- **ဇူလိုင် ၁၃** - မောင်းတောမြို့နယ်မှရဲများသည် ရွှေဈေးတံတားအားဖြတ်ကျော်ကြသည့် ရိုဟင်ဂျာများထံမှတဦးလျှင် ၅၀၀ ကျပ်၊ ၁၀၀၀ ကျပ် (အမေရိကန်ဒေါ်လာ .၅၊ ၁.၀၀) အတင်းအကြပ်တောင်းယူခဲ့ကြသည်။
- **ဇူလိုင် ၁၈** - မောင်းတောမြို့နယ်မှရဲများသည် ရိုဟင်ဂျာ ၄ ဦးအား ဘင်္ဂလားဒေ့ရှ်ဖုန်းများပိုင်ဆိုင်ထားသည့်အတွက်ဟု မမှန်မကန်စွပ်စွဲကာ ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ လာဘ်ငွေ ၄ သိန်းကျပ် (အမေရိကန်ဒေါ်လာ ၄၀၉) ပေးခဲ့ပြီးနောက် ထို နေ့တွင်ပင် ထို ၄ ဦးအားပြန်လွှတ်ပေးခဲ့သည်။
- **ဇူလိုင် ၂၃** - မောင်းတောမြို့နယ်မှရဲများသည် လက်မထပ်ခင်တရားဝင်ခွင့်ပြုချက်ယူရန်ပျက်ကွက်ခဲ့၍ဟုဆိုကာ အသက် ၃၃ နှစ်ရှိ ရိုဟင်ဂျာယောကျ်ားတဦးအား ဖမ်းဆီးခဲ့သည်။ လာဘ်ငွေ ၅ သောင်း (အမေရိကန်ဒေါ်လာ ၅၁) ပေး ပြီးနောက် ထိုနေ့တွင်ပင်သူ့အားပြန်လွှတ်ပေးခဲ့သည်။

ဇူလိုင်လ ၁၆ ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂမြန်မာနိုင်ငံဆိုင်ရာလူ့အခွင့်အရေးအထူးကိုယ်စားလှယ်သောမတ်စ်အိုဂျေကွင်တားနားက နစက ဖျက်သိမ်းလိုက်ခြင်းကိုကြိုဆိုလိုက်သည်။ သို့သော်လည်း ရိုဟင်ဂျာအသိုင်းအဝိုင်းအပေါ် ကျူးလွန်ခဲ့သည့် ကျယ်ပြန့်စွာစနစ်တကျဖြစ်ပေါ်ခဲ့သောလူ့အခွင့်အရေးချိုးဖောက်မှုများအတွက် တာဝန်ရှိသော နစက တပ်ဖွဲ့ဝင်များအား အစိုးရမှစုံစမ်းစစ်ဆေးကာတာဝန်ယူပေးပါရန် သူကတိုက်တွန်းလိုက်သည်။

ရိုဟင်ဂျာများအပေါ်အကြမ်းဖက်မှုများကိုအစိုးရမှငြင်းဆို

ဇူလိုင်လထဲတွင် သမ္မတဦးသိန်းစိန်နှင့်အခြားအစိုးရအရာရှိများသည် ရိုဟင်ဂျာများ၏တည်ရှိမှုကိုအသိအမှတ်ပြုရန် ငြင်းဆိုမှုကိုထပ်မံပြောကြားခဲ့ကြကာ ရိုဟင်ဂျာများအပေါ်ဖိနှိပ်ခွဲခြားဆက်ဆံမှုများနှင့်နှိပ်စက်ညှင်းပန်းမှုများအားလည်း ငြင်းဆန်ခဲ့ကြသည်။

- **ဇူလိုင် ၁၂** - ၁၉၈၂ ခုနိုင်ငံသားပြုမှုဥပဒေအရ အချို့ဥပဒေလိုအပ်ချက်များနှင့် ကိုက်ညီသည့်ရိုဟင်ဂျာများကိုသာ နိုင်ငံသားအဖြစ်ပေးအပ်ရန် နေပြည်တော်မှစဉ်းစားပါသည်ဟု သမ္မတဦးသိန်းစိန်၏ပြောရေးဆိုခွင့်ရှိသူဦးရဲထွတ်က ပြောကြားလိုက်သည်။ ဦးရဲထွတ်က မြန်မာနိုင်ငံတွင်ရိုဟင်ဂျာဆိုသည့်တိုင်းရင်းသားဘယ်တုန်းကမျှမရှိပါဟူသော အစိုးရ၏ပြောဆိုချက်ကိုလည်း ထပ်မံပြောကြားလိုက်သည်။
- **ဇူလိုင် ၁၅** - သမ္မတဦးသိန်းစိန်က ၁၉၈၂ ခုနိုင်ငံသားပြုမှုဥပဒေအားပြန်လည်ပြင်ဆင်ရန် အစီအစဉ်မရှိပါဟုပြောကြားလိုက်ကာ ရိုဟင်ဂျာများသည်မြန်မာနိုင်ငံ၏တိုင်းရင်းသားအုပ်စုတစုအဖြစ်တည်ရှိမှုကိုလည်း ထပ်မံ၍ငြင်းဆန်လိုက်သည်။
- **ဇူလိုင် ၁၉** - သမ္မတဦးသိန်းစိန်က ရိုဟင်ဂျာများအပေါ်တိုင်းရင်းသားမျိုးဖြုတ်သတ်ဖြတ်မှုများပြုလုပ်နေသည်ဟူသော စွပ်စွဲချက်ကိုငြင်းဆိုလိုက်ကာ ထိုစွပ်စွဲမှုသည်သူ၏အုပ်ချုပ်မှုအား ညစ်ညမ်းစွန်းထင်းသွားစေရန်လုပ်ဆောင်မှု၏ အစိတ်အပိုင်းတခုသာဖြစ်ပါသည်ဟုပြောကြားလိုက်သည်။
- **ဇူလိုင် ၂၆** - မြန်မာနိုင်ငံတွင်ဘာသာရေးနှင့်လူမျိုးရေး ခွဲခြားဖိနှိပ်မှုများရှိနေသည်ဆိုခြင်းကို ငြင်းဆန်သည့်ကြေငြာချက်တစောင်ကိုအစိုးရမှထုတ်ပြန်လိုက်ကာ ပြည်တွင်း၊ ပြည်ပမှအချို့အဖွဲ့အစည်းများ၏လုပ်ဇာတ်ခင်းမှုများသာဖြစ်သည်ဟုလည်းစွပ်စွဲလိုက်သည်။

ထို့အပြင် ဇူလိုင်လ ၉ ရက်နေ့တွင် ရိုဟင်ဂျာ IDP များ၏သွားလာလှုပ်ရှားခွင့်ကို အာဏာပိုင်များမှကန့်သတ်ထားသည်ဆိုခြင်းကိုအစိုးရအရာရှိများမှငြင်းဆန်လိုက်ကာ ရခိုင်ပြည်နယ်မှမငြိမ်မသက်မှုများ၏သက်ရောက်မှုခံခဲ့ရသည့် ဗုဒ္ဓဘာသာနှင့်မွတ်စလင်အသိုင်းအဝိုင်းတို့အား ခွဲခြားကန့်သတ်ထားခြင်းသည်လည်း သူတို့ကိုယ်တိုင်တင်ပြတောင်းဆိုမှုများကြောင့်သာဖြစ်ပါသည်ဟုပြောကြားလိုက်သည်။

မိတ္ထီလာအထိကရုဏ်းများနှင့်ပတ်သက်၍ ဗုဒ္ဓဘာသာဝင်များနှင့်မွတ်စလင်များထောင်ချခံရ

မတ်လနှောင်းပိုင်းက မန္တလေးတိုင်း မိတ္ထီလာမြို့တွင်ဖြစ်ပွားခဲ့သော အထိကရုဏ်းများနှင့်ဆက်စပ်၍ မွတ်စလင် ၇ ဦး အပါအဝင်လူ ၃၃ ဦးအားအစိုးရမှ ဇူလိုင်လထဲတွင်အပစ်ဒါဏ်များချမှတ်ခဲ့သည်။

- **ဇူလိုင် ၅** - မိတ္ထီလာခရိုင်တရားရုံးက အသက် ၂၁ နှစ်အရွယ်ရှိဗုဒ္ဓဘာသာဝင်တဦးအား လူသတ်မှုဖြင့်ထောင်ဒါဏ် ၇ နှစ်ချမှတ်ခဲ့သည်။
- **ဇူလိုင် ၉** - မိတ္ထီလာမြို့မှတရားရုံးတခုက မွတ်စလင်အမျိုးသားလေးဦးအား ၁၉ နှစ်အရွယ်တက္ကသိုလ်ကျောင်းသားတဦးအားသတ်ဖြတ်မှုဖြင့် ထောင်ဒါဏ် ၇ နှစ်မှတသက်တကျွန်းအထိချမှတ်ခဲ့သည်။
- **ဇူလိုင် ၁၀** - မိတ္ထီလာခရိုင်တရားရုံးက ဗုဒ္ဓဘာသာဝင် ၇ ဦးနှင့်မွတ်စလင်တဦးအား မတ်လ ၂၁ ရက်နေ့ကအစ္စလာမ်စာသင်ကျောင်းဘော်ဒါဆောင်တခုအား တိုက်ခိုက်ခဲ့မှုနှင့်ဆက်စပ်၍ရာဇဝတ်မှုများကျူးလွန်ခဲ့သည့်အတွက် ထောင်ဒါဏ်များချမှတ်ခဲ့သည်။ ထိုတိုက်ခိုက်မှုကြောင့် မွတ်စလင်ကျောင်းသား ၃၂ ဦးသေဆုံးခဲ့ရသည်။ ၈ ဦးအနက်မှ ၄ ဦးသည်လူသတ်မှုကျူးလွန်ကြောင်းတွေ့ရှိရကာ ထောင်ဒါဏ် ၁၀ နှစ်နှင့် ၁၅ နှစ်အကြားကျခံခဲ့ရသည်။ တရားရုံးကဗုဒ္ဓဘာသာဝင်အမျိုးသား ၁၀ ဦးကိုလည်း မွတ်စလင်အမျိုးသားတဦးသေဆုံးမှုတွင် ပတ်သက်ခဲ့သည့်အတွက်ထောင်ဒါဏ် ၁ နှစ်မှ ၉ နှစ်အထိချမှတ်ခဲ့သည်။
- **ဇူလိုင် ၁၀** - မိတ္ထီလာမြို့နယ်တရားရုံးက မတ်လ ၂၀ ရက်နေ့တွင်ဖြစ်ပွားခဲ့သော ပြင်းထန်ဆိုးရွားသည့်အထိကရုဏ်းများအားစတင်ဖြစ်ပေါ်စေခဲ့သည့် အငြင်းပွားမှုပြဿနာစတင်ခဲ့ရာရွှေဆိုင်အား ဖျက်ဆီးခဲ့မှုအတွက်ဗုဒ္ဓဘာသာဝင်အမျိုးသား ၆ ဦးနှင့်အမျိုးသမီး ၁ ဦးအားထောင်ဒါဏ် ၂ နှစ်စီချမှတ်ခဲ့သည်။
- **ဇူလိုင် ၁၁** - မိတ္ထီလာမြို့နယ်တရားရုံးက ပိုင်ဆိုင်သည့်ပစ္စည်းများအားဖျက်ဆီးမှု၊မီးရှို့မှုတို့ဖြင့် မွတ်စလင်အမျိုးသား ၂ ဦးအား ထောင်ဒါဏ် ၅ နှစ်စီအသီးသီးချမှတ်ခဲ့ကာ မီးရှို့မှုအတွက်ဗုဒ္ဓဘာသာဝင်တဦးအားလည်း ထောင်ဒါဏ် ၅ နှစ်ချမှတ်ခဲ့သည်။
- **ဇူလိုင် ၁၂** - မိတ္ထီလာမြို့မှတရားရုံးတခုက ပိုင်ဆိုင်သည့်ပစ္စည်းဥစ္စာများဖျက်ဆီးမှု၊မီးရှို့မှုတို့ဖြင့် ဗုဒ္ဓဘာသာဝင်အမျိုးသား ၁ ဦးအား ထောင်ဒါဏ် ၅ နှစ်ချမှတ်ခဲ့သည်။

ရခိုင်ပြည်နယ်မှမွတ်စလင်များအားဆန့်ကျင်တိုက်ခိုက်မှုများပိုမိုဖြစ်ပေါ်

ရခိုင်ပြည်နယ်သံတွဲမြို့တွင် မွတ်စလင်များပိုင်ဆိုင်သည့်အိမ်များအား ဗုဒ္ဓဘာသာလူအုပ်စုတို့ကမီးရှို့ခဲ့ပြီးသည့်နောက် ဇွန်လ ၃၀ ရက်နေ့တွင်ညမထွက်ရကာဖျူးအမိန့်ကိုထုတ်ပြန်ခဲ့သော်လည်း [*၂၀၁၃ ခုဇွန်လမြန်မာသတင်းလွှာ* တွင် ကြည့်ပါ။] လူအုပ်စုတစုကအခြားမွတ်စလင်ပိုင်အိမ်များအားမီးရှို့လိုက်ခြင်းဖြင့် ဇူလိုင်လ ၁ ရက်နေ့တွင်မွတ်စလင်ဆန့် ကျင်ရေးတိုက်ခိုက်မှုများဆက်လက်ဖြစ်ပွားခဲ့သည်။ အစိုးရအာဏာပိုင်များသည် မီးရှို့တိုက်ခိုက်မှုများနှင့်ပတ်သက်၍ မည်သည့်ဖမ်းဆီးမှုမျိုးကိုမှုမပြုလုပ်ခဲ့ပေ။ ထို့အပြင် မြန်မာနိုင်ငံအခြားဒေသများတွင်ဖြစ်ပွားခဲ့သော မွတ်စလင်ဆန့်ကျင် ရေးတိုက်ခိုက်မှုများမှာကဲ့သို့ပင် ရဲများသည်အကြမ်းဖက်မှုများကိုရပ်တန့်စေရန်အတွက်ဝင်ရောက်လုပ်ဆောင်ခြင်းမပြု လုပ်ခဲ့ပါ။

ဦးဝီရသူက ဘာသာကွဲများအကြားလက်ထပ်ခြင်းအားကန့်သတ်ရန်အတွက် စည်းရုံးလှုံ့ဆော်မှုများဖြင့်မရမကလုပ်ဆောင်

ဗုဒ္ဓဘာသာဝင်အမျိုးသမီးများနှင့်မွတ်စလင်အမျိုးသားများအကြား လက်ထပ်ထိမ်းမြားခြင်းကိုကန့်သတ်ရန်ရည်ရွယ်အဆို ပြုသည့်ဥပဒေအား [*၂၀၁၃ ခုဇွန်လမြန်မာသတင်းလွှာ* တွင်ကြည့်ပါ။] ထောက်ခံသောအားဖြင့်လူပေါင်း ၂.၅ သန်းမှ လက်မှတ်ရေးထိုးခဲ့သည်ဟု အစွန်းရောက်ဗုဒ္ဓဘာသာဘုန်းတော်ကြီးဦးဝီရသူက ဇူလိုင်လ ၁၈ ရက်နေ့တွင်ပြောကြား လိုက်သည်။ ထိုလက်မှတ်များကိုအဆိုပြုမည့်ဥပဒေကြမ်းနှင့်အတူ လွှတ်တော်သို့ပေးပို့သွားမည်ဟု ဦးဝီရသူကပြောကြား လိုက်သည်။

KIA၊ TNLA၊ SSA-N နှင့် NMSP တို့အားအစိုးရစစ်တပ်မှပစ်မှတ်ထားတိုက်ခိုက်လျက်ရှိ

လန်ဒန်သို့သွားရောက်စဉ်တွင် သမ္မတဦးသိန်းစိန်ကလာမည့်ရက်သတ္တပတ်များအတွင်း၌ တပြည်လုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်ဆဲရေးသဘောတူညီမှုရလာနိုင်ချေရှိသည်ဟု အမွှမ်းတင်ပြောကြားနေစဉ်မှာပင် [အောက်မှ *လန်ဒန်နှင့် ပဲရစ်ခရီးစဉ်အတွင်းဦးသိန်းစိန်မှစီးပွားရေးကိစ္စများပြောဆို* တွင်ကြည့်ပါ။] အစိုးရစစ်တပ်များက တိုင်းရင်းသားဒေသများ တွင် တိုက်ခိုက်မှုများနှင့်အကြမ်းဖက်ချိုးဖောက်မှုများကိုဆက်လက်လုပ်ဆောင်နေကြသည်။

ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်များတွင် အစိုးရစစ်တပ် တပ်ဖွဲ့များသည် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA)၊ တ အောင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA)၊ ရှမ်းပြည်တပ်မတော် - မြောက်ပိုင်း (SSA-N) တို့ဖြင့်တိုက်ပွဲ များဖြစ်ပွားခဲ့သည်။

- **ဇူလိုင် ၁၀** - ရှမ်းပြည်မြောက်ပိုင်း နောင်ချိုမြို့နယ်တွင်အစိုးရတပ် ခမရ ၅၀၂ မှတပ်များနှင့် SSA-N တပ်များတိုက်ပွဲ ဖြစ်ပွားခဲ့သည်။
- **ဇူလိုင် ၁၀** - ရှမ်းပြည်တောင်ပိုင်း မိုင်းရှူးမြို့နယ်တွင်အစိုးရတပ် ခလရ ၁၄၉ နှင့် ခလရ ၁၅၀ တို့မှတပ်များနှင့် SSA-N တပ်များတိုက်ပွဲ ဖြစ်ပွားခဲ့သည်။
- **ဇူလိုင် ၁၂** - ကချင်ပြည်နယ် မန်စီမြို့နယ် ခါဖရဒေသတွင်အစိုးရတပ်များနှင့် KIA တပ်များတိုက်ပွဲဖြစ်ပွားခဲ့ကြသည်။
- **ဇူလိုင် ၁၈** - ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ်နမ်ပန်ခဒေသတွင် အစိုးရတပ်များနှင့် KIA တပ်များတိုက်ပွဲဖြစ် ပွားခဲ့သည်။
- **ဇူလိုင် ၂၃** - ရှမ်းပြည်နယ်မြောက်ပိုင်း မန်တုံမြို့နယ်တွင် အစိုးရတပ်များက TNLA တပ်များအားတိုက်ခိုက်ခဲ့ကြသည်။
- **ဇူလိုင် ၂၃၊ ၂၄** - ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ်ပန်ဆိုင်းဒေသတွင် အစိုးရတပ်များနှင့် KIA၊ TNLA ပူးပေါင်း တပ်များတိုက်ပွဲဖြစ်ပွားခဲ့ကြသည်။
- **ဇူလိုင် ၂၄** - ရှမ်းပြည်နယ်မြောက်ပိုင်း မန်တုံမြို့နယ်တွင် အစိုးရတပ်များနှင့် KIA၊ SSA-N၊ TNLA ပူးပေါင်းတပ်များ တိုက်ပွဲဖြစ်ပွားခဲ့ကြသည်။
- **ဇူလိုင် ၂၆** - ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ်မုန်းပေါ်အနီးတွင် အစိုးရတပ်များနှင့် KIA တပ်များအကြား တိုက်ပွဲဖြစ်ပွားခဲ့ကြသည်။

အစိုးရစစ်တပ်များသည် မွန်ပြည်သစ်ပါတီ (NMSP) အားလည်းတိုက်ခိုက်ခဲ့ကြကာ တနင်္သာရီတိုင်းတွင်အရပ်သားများကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြသည်။

- **ဇူလိုင် ၁၆** - ဘုတ်ပြင်းမြို့နယ် သုမင်္ဂလန်ကျေးရွာမှတိုက်ပွဲအတွင်း အစိုးရတပ် ခမရ ၅၈၁ မှတပ်များက NMSP တပ်သားနှစ်ဦးအားသတ်ဖြတ်ခဲ့ကြသည်။
- **ဇူလိုင် ၁၆** - ဘုတ်ပြင်းမြို့နယ်တွင် အစိုးရတပ် ခမရ ၅၈၁ မှတပ်များက NMSP တပ်သားတဦးနှင့်သူ၏ဇနီးအားဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြသည်။
- **ဇူလိုင် ၂၂** - ဘုတ်ပြင်းမြို့နယ် သုမင်္ဂလန်ကျေးရွာတွင်အစိုးရတပ်များက အိမ်အလုံး ၂၀ ခန့်ကိုမီးရှို့ခဲ့ကြသည်။

အစိုးရတပ်များနှင့် UWSA တို့တင်းမာမှုများလျှော့ချရန် သဘောတူညီချက်လက်မှတ်ထိုး

ဇူလိုင်လတွင် အစိုးရသည် ညီညွတ်သောဝပြည်တပ်မတော် (UWSA) ၏ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ပေးရန်တောင်းဆိုမှုနှင့်နောက်ဆက်တွဲအဖြစ် ရှမ်းပြည်နယ်အရှေ့ပိုင်းမှပဋိပက္ခဖြစ်ပွားသည့်နေရာများတွင် အစိုးရစစ်တပ်နှင့် UWSA တို့မှ တပ်များအသီးသီးစေလွှတ်ခဲ့ခြင်းတို့ကြောင့် UWSA နှင့်ဖြစ်ပေါ်လာသည့်တင်းမာမှုများအား ဖြေလျှော့ရန်နည်းလမ်းများကိုရှာဖွေခဲ့သည်။ ဇူလိုင်လ ၁၂ ရက်နေ့တွင် ရှမ်းပြည်နယ်ကျိုင်းတုံမြို့၌ အစိုးရကိုယ်စားလှယ်အဖွဲ့နှင့် UWSA ကိုယ်စားလှယ်များတွေ့ဆုံခဲ့ကြသည်။ အစိုးရနှင့် UWSA အကြားအချက် ၅ ချက်ပါသဘောတူညီချက်ကိုလက်မှတ်ရေးထိုးခဲ့ကြကာ ၎င်းသည် ၂၀၁၁ ခုနှစ်ကတည်းကဆိုလျှင် တတိယအကြိမ်မြောက်ဖြစ်ပါသည်။ ထိုသဘောတူညီချက်အရ ဘက်နှစ်ဘက်တို့သည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင်အတူတကွပူးပေါင်းရပ်တည်ဆောင်ရွက်ကြသကဲ့သို့ စစ်ရေးဆိုင်ရာပြဿနာများကိုလည်း ညှိနှိုင်းဖြေရှင်းကြရန်ကတိကဝတ်ပြုခဲ့ကြသည်။ UWSA ကမြန်မာနိုင်ငံမှခွဲထွက်ကာ လွတ်လပ်ရေးရရှိရန်ပြုလုပ်ခြင်းမျိုးကိုပြုလုပ်မည်မဟုတ်ပါဟုလည်း ကတိပေးခဲ့ပါသည်။

မြေယာသိမ်းယူမှုများအားကန့်ကွက်သည့်ဆန္ဒပြမှုများဆက်လက်ဖြစ်ပေါ်

စစ်တပ်မှသိမ်းယူထားသောမြေများမှ အများစုအားပြန်လည်ပေးအပ်ရန်အစိုးရမှငြင်းဆန်လိုက်သော်လည်း [အထက်မှ *သတ္တမအကြိမ်မြောက်လွှတ်တော်အစည်းအဝေးဆက်လက်ကျင်းပ* တွင်ကြည့်ပါ။] မြန်မာပြည်အနှံ့မှလယ်သမားများသည် သိမ်းယူခံထားရသောမြေများအားသူတို့ထံပြန်ပေးရန်နှင့် မြေသိမ်းယူမှုများကိုကန့်ကွက်ဆန္ဒပြကြရန် စည်းရုံးလှုံ့ဆော်မှုများဆက်လက်ပြုလုပ်ခဲ့ကြသည်။

- **ဇူလိုင် ၉** - ရန်ကုန်၊ ပဲခူး နှင့် ဧရာဝတီတိုင်းတို့ရှိ မြို့နယ်များမှ လယ်သမား ၂၀၀ ခန့်တို့သည် သူတို့ထံမှအစိုးရကသိမ်းယူထားခဲ့သောမြေများ အားပြန်လည်ပေးအပ်ရန် သမ္မတဦးသိန်းစိန်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့ အား တိုက်တွန်းရန်အတွက် ရန်ကုန်မြို့တော်ခန်းမရှေ့တွင်ဆန္ဒထုတ်ဖော်ခဲ့ကြသည်။
- **ဇူလိုင် ၁၀** - နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ဝဲကြီးကျေးရွာမှလယ်သမားများသည် လွန်ခဲ့သည့်ဆယ်နှစ်ကပြန်ကြားရေးဝန်ကြီးဌာနကသူတို့ထံမှသိမ်းယူသွားခဲ့သော စိုက်ပျိုးမြေဧက ၄၀၀ ခန့်အတွက်လုံလောက်သောလျော်ကြေးပေးပါရန် အစိုးရအားတိုက်တွန်းရန်အတွက် သတင်းစာရှင်းလင်းပွဲတခုပြုလုပ်ခဲ့သည်။
- **ဇူလိုင် ၂၅** - ရန်ကုန်သင်္ကန်းကျွန်းမြို့နယ်မှ ဒေသခံ ၄၀၀ ခန့်တို့သည် ၁၉၉၁ ခုနှစ်ကအစိုးရအာဏာပိုင်များမှပြုလုပ်ခဲ့သောမြေယာသိမ်းဆည်းမှုကို ဆန့်ကျင်ဆန္ဒပြရန်အတွက်ရန်ကုန်မြို့လယ်တွင်စုဝေးခဲ့ကြသည်။

ဦးသိန်းစိန်မှဝန်ကြီးအဖွဲ့အတွင်းအပြောင်းအလဲပြန်လုပ်

ဇူလိုင်လနှောင်းပိုင်းတွင် သမ္မတဦးသိန်းစိန်သည် ဝန်ကြီးနေရာ ၁၆ ခုအတွက်ကြီးမားသောဝန်ကြီးအဖွဲ့အတွင်း အပြောင်းအလဲကိုပြုလုပ်ခဲ့သည်။ [*ဦးသိန်းစိန်၏ဝန်ကြီးအဖွဲ့အပြောင်းအလဲ* ဇယားတွင်ကြည့်ပါ။] ဇူလိုင် ၂၅ ရက်နေ့တွင် ဦးသိန်းစိန်သည် ဝန်ကြီး ၄ ယောက်နှင့်ဒုဝန်ကြီး ၅ ယောက်ကို ပြောင်းလဲခန့်အပ်ကာ ဒုဝန်ကြီးအသစ် ၄ ယောက်ကိုထပ်မံခန့်

ထားခဲ့သည်။ ဒုဝန်ကြီး ၂ ဦးနုတ်ထွက်ခဲ့သည်။ ဇူလိုင်လ ၂၉ ရက်နေ့တွင် ဦးသိန်းစိန်သည် နောက်ထပ်အားကစားဒုဝန်ကြီးတဦးကိုခန့်အပ်ခဲ့သည်။

ဦးသိန်းစိန်၏ဝန်ကြီးအဖွဲ့အပြောင်းအလဲ		
ဝန်ကြီးများ	**လက်ရှိဝန်ကြီးဌာန**	**ယခင်ဝန်ကြီးဌာန**
ဦးဇေယျာအောင်	စွမ်းအင်	ရထားပို့ဆောင်ရေး
ဦးမောင်မြင့်	စက်မှု	အလုပ်သမား၊အလုပ်အကိုင်နှင့်လူမှုဖူလုံရေး
ဦးအေးမြင့်	အလုပ်သမား၊အလုပ်အကိုင်နှင့်လူမှုဖူလုံရေး	စက်မှု
ဦးသန်းဌေး	ရထားပို့ဆောင်ရေး	စွမ်းအင်
ဒုဝန်ကြီးများ	**လက်ရှိဝန်ကြီးဌာန**	**ယခင်ဝန်ကြီးဌာန**
ဗိုလ်မှူးချုပ်မောင်မောင်အုန်း	နယ်စပ်ရေးရာ	-
ဦးစံလွင်	ပညာရေး	-
ဦးသန်းအောင်	ကျန်းမာရေး	-
ဦးအောင်ကျော်မြတ်	သိပ္ပံနှင့်နည်းပညာ	-
ဦးဇော်ဝင်း	အားကစား	-
ဦးဝင်းမြင့်	သမ္မတရုံးဝန်ကြီး	ကျန်းမာရေး
ဦးဇော်မင်းအောင်	ပညာရေး	သိပ္ပံနှင့်နည်းပညာ
ဦးထင်အောင်	အလုပ်သမား၊အလုပ်အကိုင်နှင့်လူမှုဖူလုံရေး	စွမ်းအင်
ဦးမြင့်သိန်း	ရထားပို့ဆောင်ရေး	အလုပ်သမား၊အလုပ်အကိုင်နှင့်လူမှုဖူလုံရေး
ဦးဘရွှေ	သိပ္ပံနှင့်နည်းပညာ	ပညာရေး
ဦးအေးကြူ	နုတ်ထွက်	ပညာရေး
ဦးသောင်းလွင်	နုတ်ထွက်	ရထားပို့ဆောင်ရေး

မုံရွာကြေးနီမိုင်း - ရွာသားများအားလစ်လျူရှု့ကာ နေပြည်တော်မှအကျိုးအမြတ်ကိုသာဦးစားပေး

ဇူလိုင်လတွင် စစ်ကိုင်းတိုင်းဆားလင်းကြီးမြို့နယ် မုံရွာကြေးနီးမိုင်းအနီးမှရွာသားများက ဒေါ်အောင်ဆန်းစုကြည်ဥက္ကဌ အဖြစ်ဆောင်ရွက်သော စုံစမ်းရေးကော်မရှင်မှတင်ပြသည့်အကြံပြုချက်များကို အကောင်အထည်ဖော်ရန်တာဝန်ရှိသည့် အစိုးရမှခန့်အပ်ထားသောကော်မတီသည် ကြေးနီမိုင်း၏တန်ပြန်ဆိုးကျိုးများကိုခံစားနေရသည့်လူထု၏ စီးပွားရေး၊လူမှုရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာလိုအပ်ချက်များကို ကိုင်တွယ်ဖြေရှင်းပေးရန်ပျက်ကွက်ခဲ့သည်ဟုတိုင်□ကားခဲ့သည်။ ဇူလိုင်လ ၂၆ ရက်နေ့တွင် သမ္မတရုံးဝန်ကြီးဦးလှထွန်းက စုံစမ်းရေးကော်မရှင်ကလျော်ကြေးပေးရန်အကြံပြုထားသော မြေဧက ၆၇၈၄ မှ ၄၁ % ဖြစ်သော ၂၈၂၈ ဧကအတွက်သာ အစိုးရမှလျော်ကြေးပေးခဲ့သည်ဟု ဝန်ခံအသိအမှတ်ပြုခဲ့ သည်။

တချိန်တည်းမှာပင် အစိုးရသည် မုံရွာကြေးနီမိုင်းမှအနာဂတ်တွင်ရရှိမည့် သူတို့အတွက်ဝေစုကိုလည်း မြောက်များစွာတိုးမြှင့်ခဲ့သည်။ ဇူလိုင်လ ၁၀ ရက်နေ့တွင် မြန်မာ့ရင်းနှီးမြုပ်နှံမှုကော်မရှင် (MIC) က အစိုးရသတ္တုတွင်းဝန်ကြီးဌာနနှင့် မိုင်းလုပ်ကိုင်မည့်သူနှစ်ဦးဖြစ်သည့် တရုတ်ဝမ်ပေါင်ကုမ္ပဏီ၊ စစ်တပ်ကော်ပရေးရှင်းဖြစ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင် (UMEH) တို့အကြားပြန်လည်ပြင်ဆင်ထားသောထုတ်လုပ်မှုမျှဝေရေးသဘောတူညီမှုကို အတည်ပြုပေးခဲ့သည်။ သဘောတူဖော်ပြချက်အသစ်အရဆိုလျှင် အစိုးရသည်မိုင်းမှအကျိုးအမြတ်၏ ၅၁% ကိုလက်ခံရရှိမည်ဖြစ်ကာ ၎င်းသည်မူလ ၄% မှတိုးမြင့်လာခြင်းဖြစ်သည်။ ဝမ်ပေါင်ကုမ္ပဏီနှင့် UMEH တို့သည် ၃၀% နှင့် ၁၉% အသီးသီးရရှိကြမည်ဖြစ်သည်။ သဘောတူညီမှုအသစ်တွင် အသားတင်အကျိုးအမြတ်၏ ၂% သည် ကော်ပိုရေးရှင်းဆိုင်ရာလူမှုရေးတာဝန်ယူမှုလုပ်ငန်းများအတွက် အသုံးပြုရမည်ဟု သတ်မှတ်ထားသည်။ ထို့အပြင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးအတွက် နိုင်ငံတကာစံနှုန်းများကိုမိုင်းလုပ်ငန်းမှ သေချာစွာပြည့်မှီစေရန်အတွက် မိုင်းတွင်းမှစီးပွားဖြစ်ထုတ်လုပ်နေသမျှကာလပတ်လုံး ဝမ်ပေါင်ကုမ္ပဏီမှတနှစ်လျှင်အမေရိကန်ဒေါ်လာ ၂ သန်းပေးရမည်ဖြစ်သည်။

ဇူလိုင်လ ၂၅ ရက်နေ့တွင် ဦးလှထွန်းက နိုဝင်ဘာလ ၂၉ ရက်နေ့ ငြိမ်းချမ်းစွာဆန္ဒပြသူများအားအကြမ်းဖက်ဖြိုခွဲမှုပြီးကတည်းက ရပ်ဆိုင်းထားခဲ့သော မိုင်းတွင်းလုပ်ငန်းများကို စက်တင်ဘာလကုန်တွင်ပြန်လည်စတင်လုပ်ကိုင်မည်ဟုပြောကြားလိုက်သည်။ ထိုနေ့တွင်ပင် မုံရွာကြေးနီမိုင်းဒေသတွင်နေထိုင်ကြသောရွာသားများက သူတို့၏မိုင်းစီမံကိန်းအားဆန့်ကျင်အာခံမှုကို ဆက်လက်ပြုလုပ်သွားရန်အဓိဌာန်ပြုခဲ့ကြသည်။

လူ့အခွင့်အရေး

စာနယ်ဇင်းသမားများကစာနယ်ဇင်းဥပဒေကြမ်းကိုပြင်းထန်စွာဝေဖန်

ဇူလိုင်လ ၄ ရက်နေ့တွင် ပြည်သူ့လွှတ်တော်က ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဥပဒေကြမ်းကို အတည်ပြုပေးခဲ့သည်။ မတ်လ ၇ ရက်နေ့ကအစိုးရမှတင်ပြလာသည့် [*၂၀၁၃ ခုမတ်လမြန်မာသတင်းလွှာ* တွင်ကြည့်ပါ။] ပြဌာန်းစာသားတော်တော်များများအား လွှတ်တော်ကိုယ်စားလှယ်များမှပြင်ဆင်ခဲ့ကြသည်။ ကိုယ်စားလှယ်များက "တရားဥပဒေစိုးမိုးမှုအားအနောက်အယှက်ဖြစ်စေသော"၊ "မငြိမ်မသက်ဖြစ်အောင်လှုံ့ဆော်သော" သတင်းများဖော်ပြသည့်စာနယ်ဇင်းသမားများအတွက် ထောင်ဒါဏ်ချမှတ်ရန်ပြဌာန်းသတ်မှတ်ထားမှုအားပယ်ဖျက်ခဲ့ကာ ထိုကျူးလွန်မှုများအားယခုအခါ ဒါဏ်ငွေရိုက်နိုင်မည်ဖြစ်သည်။ ထို့အပြင်ပြင်ဆင်ထားသောဥပဒေကြမ်းအရဆိုလျှင် ပြန်ကြားရေးဝန်ကြီးဌာနမှလိုင်စင်အားရပ်ဆိုင်းခြင်း၊ ရုတ်သိမ်းခြင်းခံထားရသော ထုတ်ဝေသူများသည်ယခုအခါထိုဆုံးဖြတ်ချက်အား တရားရုံးတွင်အယူခံဝင်နိုင်မည်ဖြစ်သည်။

မြန်မာစာနယ်ဇင်းသမားများရော ပြည်တွင်းနှင့်နိုင်ငံတကာမှစာနယ်ဇင်းစောင့်ကြည့်ရေးအဖွဲ့များကပါ ပြည်သူ့လွှတ်တော်မှအတည်ပြုလိုက်သောထိုဥပဒေကို ပြင်းထန်စွာဝေဖန်ခဲ့ကြသည်။ အစိုးရပြန်ကြားရေးဝန်ကြီးဌာနအား ထုတ်ဝေခွင့်လိုင်စင်များကိုထုတ်ပေးရန်၊ ရပ်ဆိုင်းထားရန်၊ ရုတ်သိမ်းရန်အခွင့်အာဏာဆက်လက်ပေးထားသည့်အတွက်ဟုဆိုကာ စာနယ်ဇင်းသမားများက ထိုဥပဒေကြမ်းအားကန့်ကွက်ခဲ့ကြသည်။ ထို့အပြင် ပြည်သူ့လွှတ်တော်တွင်ဆွေးနွေးရန်တင်ပြခဲ့သည့် ပြန်လည်ပြင်ဆင်ထားသောဥပဒေကြမ်းတွင် အုပ်စုတော်တော်များများမှအဆိုပြုထားသည့် ပြင်ဆင်မှုများအားမထည့်သွင်းခဲ့သည့် အစိုးရပြန်ကြားရေးဝန်ကြီးဌာန၏ပျက်ကွက်မှုကိုလည်း မြန်မာစာနယ်ဇင်းကောင်စီ (MPC) က စွပ်စွဲပြောဆိုလိုက်သည်။ ဇူလိုင်လ ၁၂ ရက်နေ့တွင် အစိုးရသတင်းစာဖြစ်သည့် New Light of Myanmar က အစိုးရပြန်ကြားရေးဝန်ကြီးဦးအောင်ကြည်၏ ဥပဒေအား "ဂငယ်" ကွေ့နောက်ပြန်လှည့်ရန်မဖြစ်နိုင်ပါ ဟူသောစကားကိုကိုးကားဖော်ပြခဲ့သည်။

အိုးအိမ်မှဖယ်ရှားခံရမှုများ

ရိုဟင်ဂျာများအစုအပြုံလိုက်ထွက်ပြေးမှုများဆက်လက်ရှိနေ

ဇူလိုင်လတွင် ရိုဟင်ဂျာများသည်မြန်မာနိုင်ငံ၏ ဒေသတွင်းအိမ်နီးချင်းနိုင်ငံများသို့ ဆက်လက်ထွက်ပြေးနေကြဆဲဖြစ်ပါသည်။

- **ဇူလိုင် ၆** - ထိုင်းအာဏာပိုင်များသည် ဩစတေးလျသို့လှေဖြင့်သွားရောက်ရန်စီစဉ်နေသည့် ရိုဟင်ဂျာများအပါအဝင် ရွှေ့ပြောင်းလိုသူ ၁၇၀ ဦးအားဆထွန်းခရိုင် တာရူတော်ကျွန်းပေါ်တွင်ဖမ်းဆီးထိန်းသိမ်းခဲ့သည်။
- **ဇူလိုင် ၁၀** - ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ် (BGB) တပ်ဖွဲ့ဝင်များသည် မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်တလျှောက်နေရာတော်တော်များများတွင် ရိုဟင်ဂျာ ၅၉ ဦးအားမြန်မာပြည်ဘက်သို့ပြန်လည်မောင်းထုတ်ခဲ့သည်။
- **ဇူလိုင် ၁၆** - BGB တပ်ဖွဲ့ဝင်များက မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်တလျှောက် နေရာတော်တော်များများတွင် ရိုဟင်ဂျာ ၂၆ ဦးအားဖမ်းဆီးထိန်းသိမ်းခဲ့ကြသည်။
- **ဇူလိုင် ၂၈** - အင်ဒိုနီးရှားငါးဖမ်းသူများသည် ဩစတေးလျသို့အသွား အာချေးခရိုင်ကမ်းခြေအနီးပယ်လယ်ထဲတွင် မျောပါနေကြသောရိုဟင်ဂျာ ၆၈ ဦးအားကယ်တင်ခဲ့ကြသည်။

နိုင်ငံတကာဆက်ဆံရေး

လန်ဒန်နှင့် ပဲရစ်ခရီးစဉ်အတွင်းဦးသိန်းစိန်မှစီးပွားရေးကိစ္စများပြောဆို

ဇူလိုင်လ ၁၄ မှ ၁၉ ရက်နေ့အထိတွင် သမ္မတဦးသိန်းစိန်သည် အစိုးရအရာရှိများ၊ စီးပွားရေးကိုယ်စားလှယ်များနှင့်တွေ့ဆုံရန်အတွက် UK နှင့်ပြင်သစ်တို့သို့သွားရောက်ခဲ့သည်။ ဦးသိန်းစိန်၏ခရီးစဉ်အတွင်း လူ့အခွင့်အရေးပြဿနာများကို ပြောဆိုနေကြသော်လည်း အကူအညီ၊ ကုန်သွယ်ရေးနှင့်ရင်းနှီးမြုပ်နှံမှုဆိုင်ရာကိစ္စများမှာ ဆွေးနွေးပွဲများ၏အဓိကနေရာတွင်ရှိနေခဲ့ပါသည်။

ဇူလိုင်လ ၁၅ ရက်နေ့တွင် ဦးသိန်းစိန်သည်လန်ဒန်၌ UK ဝန်ကြီးချုပ် David Cameron၊ နိုင်ငံခြားရေးဝန်ကြီး William Hague၊ ကာကွယ်ရေးဝန်ကြီး Philip Hammond၊ ဖွံ့ဖြိုးရေးဝန်ကြီး Justine Greening တို့နှင့်သီးခြားစီတွေ့ဆုံခဲ့ပါသည်။ ထိုတွေ့ဆုံမှုများအတွင်း Cameron နှင့်ဦးသိန်းစိန်တို့သည် ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေး၊ ကုန်သွယ်ရေး၊ စိုက်ပျိုးရေးဖွံ့ဖြိုးမှု စသည့်ကိစ္စများရော စွမ်းအင်၊ ဆက်သွယ်ရေး၊ အခြေခံအဆောက်အအုံစီမံကိန်းစသည့်ကဏ္ဍများတွင် UK ၏ရင်းနှီးမြုပ်နှံမှုစသည်ကိစ္စများကိုပါဆွေးနွေးခဲ့ကြသည်။ ထို့အပြင် Cameron ကဦးသိန်းစိန်အား မြန်မာနိုင်ငံမှလူ့အခွင့်အရေးအားမြှင့်တင်ရန်တိုက်တွန်းလိုက်ကာ ရခိုင်ပြည်နယ်မှရိုဟင်ဂျာများ၏ ဆိုးရွားသည့်အခြေအနေများအပေါ်တွင်လည်း အလွန်စိုးရိမ်ပူပန်ကြောင်းကို ထုတ်ဖော်ပြောကြားလိုက်သည်။ ဇူလိုင်လ ၁၆ ရက်နေ့တွင် သမ္မတဦးသိန်းစိန်သည် UK စီးပွားရေးနယ်ပယ်မှသူများနှင့်တွေ့ဆုံခဲ့ကာ လန်ဒန်တွင် UK - ASEAN စီးပွားရေးကောင်စီဆွေးနွေးပွဲသို့တက်ရောက်ခဲ့သည်။

ဇူလိုင်လ ၁၆ ရက်နေ့တွင် ဦးသိန်းစိန်သည်ပဲရစ်မြို့သို့ရောက်ရှိခဲ့ပါသည်။ နောက်တနေ့တွင် ဦးသိန်းစိန်သည်ပဲရစ်၌ ပြင်သစ်သမ္မတ François Hollande၊ ဝန်ကြီးချုပ် Jean-Marc Ayrault တို့နှင့်သီးခြားစီတွေ့ဆုံခဲ့သည်။ ထိုတွေ့ဆုံမှုများအတွင်း Hollande နှင့်ဦးသိန်းစိန်တို့သည် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး၊ ရေစီမံကြီးကြပ်မှု၊ သယ်ယူပို့ဆောင်ရေး၊ စွမ်းအင် နှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း စသည့်ကဏ္ဍများတွင်ပြင်သစ်နိုင်ငံမှရင်းနှီးမြုပ်နှံနိုင်မှုအလားအလာတို့ကို ဆွေးနွေးခဲ့ကြသည်။ Hollande က ဦးသိန်းစိန်အား နိုင်ငံရေးအကျဉ်းသားအားလုံးကို ချွင်းချက်မထားပဲလွတ်ပေးရန်၊ မကြာသေးခင်က လူထုအကြားဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုများအားအပြည့်အဝစုံစမ်းစစ်ဆေးရန် စသည်တို့နှင့်ပတ်သက်၍ ဖိအားပေးပြောဆိုမှုများလည်းပြုလုပ်ခဲ့ပါသည်။ ဇူလိုင်လ ၁၈ ရက်နေ့တွင် သမ္မတဦးသိန်းစိန်သည် Total ကုမ္ပဏီ CEO Christophe De Margerie၊ Alcatel-Lucent ကုမ္ပဏီ CEO Michel Combes တို့နှင့်ပဲရစ်တွင်သီးခြားစီဆွေးနွေးခဲ့ပါသည်။

အမေရိကန်က အစိုးရအရာရှိတဦးအား နာမည်ပျက်စာရင်းသွင်း

ဇူလိုင်လ ၂ ရက်နေ့တွင် အမေရိကန်ဘဏ္ဍာရေးဌာနက မြောက်ကိုရီးယားမှစစ်လက်နက်ပစ္စည်းများ ရယူနိုင်ရန်ဆောင်ရွက်ရသည့် သူ၏အခန်းကဏ္ဍကြောင့် အစိုးရ၏ကာကွယ်ရေးစစ်လက်နက်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ အကြီးအကဲ (ယခင်နယ်စပ်ရေးရာဝန်ကြီး) ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား ၎င်းတို့၏အထူးပုံစံသတ်မှတ်ထားသောနိုင်ငံသားများ (SDN) စာရင်းထဲသို့ထည့်လိုက်ပါသည်။ ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအတွက်သတ်မှတ်လိုက်သည့်ပုံစံသည် အမေရိကန်နိုင်ငံသားများအား သူနှင့်စီးပွားရေးဆက်စပ်လုပ်ကိုင်ခြင်းမပြုရန်တားမြစ်ထားကာ သူပိုင်ဆိုင်သည့်အမေရိကန်မှပိုင်ဆိုင်မှုများအားလုံးကိုလည်း ရွှေ့ပြောင်းမရအောင်ရပ်တန့်ပစ်လိုက်ပါသည်။

မြန်မာနိုင်ငံမှမွတ်စလင်များအတွက် နိုင်ငံတကာအသိုင်းအဝိုင်းမှစိုးရိမ်ပူပန်မှုများဆက်လက်ဖြစ်ပေါ်နေ

ဇူလိုင်လတွင် UN၊ US နှင့် မွတ်စလင်အများစုနေထိုင်ကြသောနိုင်ငံများက မြန်မာနိုင်ငံမှရိုဟင်ဂျာများအပါအဝင် မွတ်စလင်များ၏ ဆိုးရွားသောအခြေအနေများအပေါ် သူတို့၏စိုးရိမ်ပူပန်မှုများကိုဆက်လက်ထုတ်ဖော်ပြောကြားခဲ့ကြကာ ရိုဟင်ဂျာများအတွက်နိုင်ငံသားပြုမှုကိစ္စကို ကိုင်တွယ်ဖြေရှင်းပေးပါရန်အစိုးရအား တောင်းဆိုလိုက်ကြသည်။

- **ဇူလိုင် ၂** - အီရန်လွှတ်တော်အမတ် Ebrahim Aghamohammadi က ရိုဟင်ဂျာများအားနိုင်ငံသားအဖြစ်အသိအမှတ်ပြုရန် အစိုးရ၏ငြင်းပယ်မှုသည် မြန်မာနိုင်ငံ၏ပုံရိပ်ကိုနိုင်ငံတကာတွင်ထိခိုက်စေပါသည်ဟု ပြောကြားလိုက်သည်။
- **ဇူလိုင် ၁၀** - UN အထွေထွေအတွင်းရေးမှူးချုပ်ဘန်ကီမွန်းက ရခိုင်ပြည်နယ်မှရိုဟင်ဂျာများရင်ဆိုင်နေရသည့် "လူသားချင်းစာနာမှုဆိုင်ရာအခြေအနေအားထိပါးခံနေရခြင်း" အပေါ် သူ့အနေဖြင့်စိုးရိမ်နေဆဲဖြစ်ကြောင်းပြောကြားလိုက်ကာ ရိုဟင်ဂျာများအတွက်နိုင်ငံသားပြုမှုကိစ္စကို ကိုင်တွယ်ဖြေရှင်းပေးပါရန်အစိုးရအား တောင်းဆိုလိုက်သည်။
- **ဇူလိုင် ၁၀** - အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး Marty Natalegawa ရခိုင်ပြည်နယ်မှအခြေအနေများသည် ဒေသတွင်းရိုက်ခတ်မှုများရှိလာကာ အစိုးရမှရိုဟင်ဂျာများအား အခြားမြန်မာနိုင်ငံသားများကဲ့သို့နည်းတူ တူညီသော "အဆင့်အတန်းနှင့်ဥပဒေအခွင့်အရေးများ" ပေးအပ်သင့်သည်ဟုပြောကြားလိုက်သည်။
- **ဇူလိုင် ၁၀** - ကမ္ဘာ့ကုလသမဂ္ဂဆိုင်ရာဂျဘူဒီသံအမတ်ကြီး Roble Olhayeက မြန်မာနိုင်ငံမှမွတ်စလင်များအပေါ် အကြမ်းဖက်မှုများသည် "သည်းခံနိုင်ဖွယ်၊ လက်ခံနိုင်ဖွယ်" မရှိပါဟုပြောကြားလိုက်ကာ အစိုးရမှလူထုအားမည်သည့်ဘာသာဝင်ပင်ဖြစ်ပါစေ အကာအကွယ်ပေးသင့်သည်ဟုပြောကြားလိုက်သည်။
- **ဇူလိုင် ၁၀** - ကမ္ဘာ့ကုလသမဂ္ဂဆိုင်ရာဆော်ဒီအာရေဗီးယားသံအမတ်ကြီး Abdullah al-Mouallemi က မြန်မာနိုင်ငံအား ကမ္ဘာတဝှန်းမှ အကောင်းမြင်နေသောစဦးဆက်ဆံမှုသည် "နိုင်ငံတွင်းမှသားကောင်ဖြစ်ရသောမွတ်စလင်များ၏ ခန္ဓာကိုယ်ရုပ်အလောင်းများပေါ်တွင်တည်ဆောက်ထားခြင်း" ဖြစ်သည်ဟုပြောကြားလိုက်သည်။
- **ဇူလိုင် ၁၇** - အမေရိကန်သံအမတ်ကြီး Derek Mitchell က ရိုဟင်ဂျာ IDP များအားသွားလာခွင့်ကိုကန့်သတ်ထားခြင်းနှင့် လူသားချင်းစာနာမှုရရှိနိုင်ခြင်းမရှိမှုတို့အပါအဝင် ရခိုင်ပြည်နယ်မှအခြေအနေများအပေါ် ဆက်လက်၍စိုးရိမ်ပူပန်နေရမှုကို ထုတ်ဖော်ပြောကြားလိုက်သည်။

အခြားမြန်မာနိုင်ငံဆိုင်ရာသတင်းများ

၁	ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးရွှေမန်းက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် လွှတ်တော်မှတိုက်ရိုက်ပါဝင်စွက်ဖက်နိုင်ရန် တောင်းဆိုလိုက်သည်။
၁	ရခိုင်ပြည်နယ်မှ IDP များအားပြောင်းရွှေ့နေရာချထားမှုမှန်သမျှသည် သဘောဆန္ဒအလျောက်သာဖြစ်သင့်ကာ အင်အားမသုံးပဲဖြေရှင်းခြင်းမျိုးဖြစ်သင့်ပါသည်ဟု UN ကပြောကြားလိုက်သည်။
၁	ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးရွှေမန်း၏ပန်ကြားချက်ဖြင့် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် တိုင်းရင်းသားအတိုက်အခံလက်နက်ကိုင်အုပ်စုများနှင့် ငြိမ်းချမ်းရေးရရှိရန်လုပ်ငန်းစဉ်အတွက်ရံပုံငွေကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးနိုင်ရန်အတွက် နေပြည်တော်တွင်တွေ့ဆုံခဲ့ကြသည်။
၂	USDP ဒုတိယဥက္ကဋ္ဌဦးဌေးဦးက ဘာသာကွဲများအကြားလက်ထပ်ထိမ်းမြားခြင်းကို ကန့်သတ်ရန်ရည်ရွယ်ကာ တင်ပြလာသောဥပဒေသည် ကြီးမြတ်သင့်လျော်ပါသည်ဟု ပြောကြားခဲ့သည်။
၂	၂၀၁၂ခုဇွန်လ ၁ ရက် မှ ၂၀၁၃ခုဇွန်လ ၃၀ ရက်အထိတွင် တက်ခ်နက်အခြေစိုက် BGB တပ်ရင်း ၄၂ မှ မြန်မာလူမျိုး ၃၃၀၆ ယောက်ကိုမြန်မာပြည်ဘက်သို့ပြန်လည် မောင်းထုတ်ခဲ့သည်ဟု ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များကပြောကြားခဲ့သည်။
၂	အစိုးရနိုင်ငံခြားရေးဝန်ကြီးဦးဝဏ္ဏမောင်လွင်သည် ဘရူနိုင်းမှအာဆီယံဝန်ကြီးအဆင့်အစည်းအဝေးအတွင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီး Dipu Moni နှင့် ရိုဟင်ဂျာဒုက္ခသည်များအားဘင်္ဂလားဒေ့ရှ်မှမြန်မာနိုင်ငံသို့ ဆန္ဒအလျောက်နေရပ်ပြန်ပို့ရန်ဖြစ်နိုင်ချေကိုဆွေးနွေးရန် တွေ့ဆုံခဲ့ပါသည်။
၂	အစိုးရပိုင် TV က ရခိုင်ပြည်နယ်မှပြီးခဲ့သည့်နှစ်ကဖြစ်ပွားခဲ့သောမငြိမ်မသက်မှုများအတွင်း တရားရင်ဆိုင်နေရစဉ်ထိမ်းသိမ်းထားမှုကာလ၌ လူ ၁၂ ဦးသေဆုံးခဲ့သည်ဟု ပြောကြားခဲ့သည်။
၂	သမ္မတဦးသိန်းစိန်၏တိုင်းပြည်သို့ပြောကြားသော လစဉ်ရေဒီယိုမိန့်ခွန်းတွင် ဦးသိန်းစိန်က တိုင်းမ်မဂ္ဂဇင်းသည်ဗုဒ္ဓဘာသာနှင့်ပတ်သက်၍အထင်အမြင်လွဲမှားအောင်လုပ်ဆောင်နေသည်ဟု စွပ်စွဲပြောဆိုလိုက်သည်။
၃	အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးခင်အောင်မြင့်က စစ်တပ်မှခန့်အပ်ထားသော MPs များအား ဥပဒေပြုကိစ္စများအတွက်သဘောထားတောင်းခံစဉ်တွင် အားလုံးတညီတည်း ကြားနေနေခြင်းကိုရပ်တန့်ရန်နှင့် မဟုတ်ပါကလွှတ်တော်အတွင်းမှဆွဲထုတ်ခြင်းခံရမည်ဟု သတိပေးပြောကြားလိုက်သည်။
၃	အစိုးရပြည်ထဲရေးဒုဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဇံမြင့်က အစိုးရသည်အထိကရုဏ်းနှိမ်နင်းရေးရဲတပ်ရင်းများအားပိုမိုဖွဲ့စည်းကာ သူတို့အားနိုင်ငံတကာစံနှုန်းများနှင့်အညီလေ့ကျင့်ပေးသွားမည်ဟု ပြည်သူ့လွှတ်တော်အစည်းအဝေးတွင်ပြောကြားခဲ့သည်။
၄	သမ္မတဦးသိန်းစိန်သည် စိုက်ပျိုးရေးကဏ္ဍတွင်နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရန်ကိစ္စနှင့် ရခိုင်ပြည်နယ်မှအထိကရုဏ်းများ

	ကြောင့်ထိခိုက်ခံစားခဲ့ရသောလူထုအား လူသားချင်းစာနာမှုဆိုင်ရာအကူအညီများပံ့ပိုးပေးရန်ကိစ္စတို့အားဆွေးနွေးနိုင်ရန်အတွက် နယူးဇီလန် နိုင်ငံခြားရေးဝန်ကြီး Murray McCully နှင့်နေပြည်တော်တွင်တွေ့ဆုံခဲ့သည်။
၅	ရန်ကုန်တိုင်း မှော်ဘီမြို့နယ်မှရဲအရာရှိ ၅၀ ခန့်တို့သည် စိုက်ပျိုးမြေဧက ၁၀၀ ကိုသိမ်းယူခဲ့ကြသည်။
၆	ဖွန်လစောစောပိုင်းက ကွာလာလမ်ပူနှင့်ဆီလန်ဂေါ်ပြည်နယ်တို့တွင်ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများအပြီးတွင် စုစုပေါင်း မြန်မာရွှေ့ပြောင်းအလုပ်သမား ၇၈၂၇ ယောက် မြန်မာပြည်သို့ပြန်လာခဲ့ကြောင်း အစိုးရသတင်းစာဖြစ်သော New Light of Myanmar ကသတင်းဖော်ပြခဲ့သည်။
၆	မူးယစ်ရာဇာဟောင်းလည်းဖြစ်၊ စီးပွားရေးလုပ်ငန်းရှင်ကြီးလည်းဖြစ်သော လောစစ်ဟန် အသက် ၈၀ နှစ်သည် ရန်ကုန်မြို့တွင်ကွယ်လွန်ခဲ့သည်။
၆	မန္တလေးမှရဲများသည် လိင်တူချစ်သူယောကျ်ားလျာ ၁၂ ဦးအား နာရီတော်တော်ကြာကြာ ဖမ်းဆီး၍ညှင်းပန်းနှိပ်စက်ခဲ့ကြသည်။
၈	အကျဉ်းသားများ၏အခြေအနေကို စောင့်ကြည့်ရန်ရည်ရွယ်လျက် ယခုနှစ်စပိုင်းကတည်းက အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) သည်မြန်မာနိုင်ငံအကျဉ်းထောင် ၆ ခုသို့သွားရောက်ကြည့်ရှုခဲ့ပြီးဖြစ်သည်။
၈	တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နှစ်နိုင်ငံကာကွယ်ရေးဆက်ဆံမှုများ၊ နယ်စပ်လုံခြုံရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်မှုပူးပေါင်းဆောင်ရွက်ရေး စသည်တို့ကိုဆွေးနွေးနိုင်ရန်အတွက် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး Ranjan Mathai နှင့်နေပြည်တော်တွင်တွေ့ဆုံခဲ့သည်။
၉	ရန်ကုန်တက္ကသိုလ်အား ၁၉၉၆ ခုနှစ်ကတည်းက ပထမဆုံးအကြိမ်အဖြစ် ဘွဲ့ကြိုသင်တန်းများအတွက် ပြန်လည်ဖွင့်လှစ်လိုက်သည်။
၉	ရခိုင်ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီးထိန်လင်းက ပြီးခဲ့သည့်နှစ်ရခိုင်ပြည်နယ်တွင်ဖြစ်ပွားခဲ့သော မငြိမ်မသက်မှုများနှင့်ဆက်စပ်၍ အစိုးရအာဏာပိုင်များမှ လူပေါင်း ၁၂၀၀ နီးပါးကိုဖမ်းဆီးထားကာ တရားရုံးမှ ၅၀၇ ယောက်ကိုပစ်ဒါဏ်ချမှတ်လိုက်ပြီဖြစ်၍ ၆၆၂ ယောက်မှာမှုအမှုရင်ဆိုင်ရဆဲဖြစ်သည်ဟုပြောကြားလိုက်သည်။
၁၀	မန္တလေးတိုင်းမိတ္ထီလာမြို့မှအစိုးရအရာရှိများက မြင့်မြတ်သောရမ်မဒန်ဥပုသ်လအတွက် မြို့ထဲမှဗလီ ၃ လုံးအားပြန်လည်ဖွင့်လှစ်လိုက်သည်ဟု ပြောကြားခဲ့သည်။
၁၀	သမ္မတဦးသိန်းစိန်သည် မြန်မာနိုင်ငံတွင်ရင်းနှီးမြှုပ်နှံမှုကိစ္စ၊ လူသားချင်းစာနာမှုဆိုင်ရာအကူအညီနှင့်ဖွံ့ဖြိုးရေးအကူအညီ၊ တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများနှင့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ် စသည်တို့ကိုဆွေးနွေးရန်အတွက် နေပြည်တော်တွင် ဩစတေးလျနိုင်ငံခြားရေးဝန်ကြီး Bob Carr နှင့်တွေ့ဆုံခဲ့သည်။
၁၀	အစိုးရလျှပ်စစ်စွမ်းအင်ဝန်ကြီးဦးခင်မောင်စိုးနှင့် ထိုင်းစွမ်းအင်ဝန်ကြီး Pongsak Ruktapongpisal တို့သည် သံလွင်မြစ်ပေါ်ရှိ တာဆန်၊ မုန်တွန်၊ ဟတ်ကြီးစသည့်ရေကာတာစီမံကိန်းများအား အကောင်အထည်ဖော်ရန်ကိစ္စနှင့်ထိုင်းနိုင်ငံမှပိုလျှံသောသဘာဝဓါတ်ငွေ့များကိုပြန်ပို့ပေးရေးကိစ္စ စသည်တို့ကိုဆွေးနွေးရန်အတွက် နေပြည်တော်တွင်တွေ့ဆုံခဲ့ကြသည်။
၁၁	ဩစတေးလျနိုင်ငံခြားရေးဝန်ကြီး Bob Carr က ၂၀၁၄ ခုတွင်ပြုလုပ်မည့် မြန်မာနိုင်ငံ၏တနိုင်ငံလုံးအတိုင်းအတာဖြင့်သန်ခေါင်းစာရင်းကောက်ယူရေးလုပ်ငန်းကို ကူညီသည့်အနေဖြင့် ဩတေးလျဒေါ်လာ ၃ သန်း (US ဒေါ်လာ ၂.၇ သန်း) ပံ့ပိုးပေးသွားမည်ဟု ကြေငြာခဲ့သည်။
၁၁	နိုင်ငံခြားရေးဌာန၏လိုအပ်မှုအရ မြန်မာနိုင်ငံတွင်စီးပွါးရေးလုပ်ငန်းများလုပ်ကိုင်နေသော US ကုမ္ပဏီများမှထုတ်ပြန်လိုက်သည့် ပထမဆုံးလူထုအတွက်အစီရင်ခံစာများသည် လူထုအဖွဲ့အစည်းများမှကော်ပိုရေးရှင်းများ၏ချိုးဖောက်မှုများကိုစောင့်ကြည့်ရန်ခက်ခဲသွားစေနိုင်သည့် အစီရင်ခံရာတွင်လိုက်နာရမည့်စည်းမျဉ်းများ၏တကယ့်ကွက်လပ်လိုအပ်ချက်များကို ဖော်ထုတ်ပြသလိုက်သည်။
၁၁	အမျိုးသားလွှတ်တော်အစည်းအဝေးတွင် USDP မှလွှတ်တော်ကိုယ်စားလှယ်ဦးသူရိန်ဇော်က စာရင်းစစ်ချုပ်ထံမှအစီရင်ခံစာကိုဖတ်ကြားခဲ့ကာ ထိုအစီရင်ခံစာကအစိုးရပိုင်မြန်မာ့စီးပွားရေးဘဏ်သည် ၁၉၉၀ ခုနှစ်ကတည်းကအရှုံးပေါ်လျက်နှင့်လုပ်ကိုင်နေသည်ဟုဖော်ပြထားသည်။
၁၁	ရခိုင်ပြည်နယ်မောင်းတောမြို့နယ်မှ နစက တပ်ဖွဲ့ဝင်များသည် သန်းခေါင်စာရင်းမှတ်ပုံတင်လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း ဘင်္ဂါလီအဖြစ်မှတ်ပုံတင်ရန်ငြင်းဆန်ခဲ့သည့် ဝါဘက်ကျေးရွာမှအမျိုးသမီး ၃ ဦးအပါအဝင်ရိုဟင်ဂျာ ၅ ဦးအားညှင်းပန်း နှိပ်စက်ခဲ့ကြသည်။
၁၃	အစိုးရကိုယ်စားလှယ်အဖွဲ့သည် ဆက်လက်ဖြစ်ပေါ်နေသည့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ဆွေးနွေးနိုင်ရန်အတွက် UNFC ကိုယ်စားလှယ်များနှင့် ထိုင်းနိုင်ငံချင်းမိုင်တွင်တွေ့ဆုံခဲ့သည်။
၁၃	ရန်ကုန်တိုင်းမှအစိုးရအာဏာပိုင်များသည် ရန်ကုန်အင်းစိန်မြို့နယ်မှပြည်သူများအား ဇူလိုင် ၁၉ ရက်နေ့တွင်အာဇာနည်နေ့အောက်မေ့ဖွယ်အခမ်းအနားကျင်းပရန်အတွက် ခွင့်ပြုချက်ပေးရန်ငြင်းပယ်ခဲ့သည်။
၁၆	UK နှင့်အစိုးရအရာရှိများက မြန်မာနိုင်ငံ၏ငွေကြေးဆိုင်ရာဝန်ဆောင်မှုကဏ္ဍဖွံ့ဖြိုးရေးအား အထောက်အကူပြုစေမည့် ငွေကြေးဆိုင်ရာဝန်ဆောင်မှုအလုပ်အဖွဲ့ကိုဖွဲ့စည်းလိုက်ကြောင်းကြေငြာခဲ့သည်။
၁၆	သမ္မတဦးသိန်းစိန်ထံပေးပို့သော အိတ်ဖွင့်ပေးစာထဲတွင် နယ်စည်းမခြားသတင်းထောက်များအဖွဲ့ Reporters Sans

	Frontièresက၁၉၆၂ခုနှစ်ကတည်းကစစ်အစိုးရအဆက်ဆက်တို့မှကျူးလွန်ခဲ့သော"သတင်းပံ့ပိုးပေးသူများအပေါ် ကျူးလွန်ခဲ့သည့်ရာဇဝတ်မှုများ"အားစုံစမ်းစစ်ဆေးနိုင်ရန်စုံစမ်းရေးကော်မရှင်တခုဖွဲ့စည်းပေးပါရန်အစိုးရအား တောင်းဆိုလိုက်သည်။
၁၇	ရခိုင်ပြည်နယ်တောင်ကုတ်မှအစိုးရအာဏာပိုင်များသည် ၂၀၁၂ ခုနှစ်ဇွန်လ ၃ ရက်နေ့ကတောင်ကုတ်မြို့နယ်တွင် မွတ်စလင်ဘုရားဖူး ၁၀ ဦးအားသတ်ဖြတ်ခဲ့မှုတွင်ပါဝင်သည်ဟုသံသယရှိသူ ၆ ဦးကိုဖမ်းဆီးခဲ့သည်။
၁၉	ရန်ကုန်မြို့အာဇာနည်ဗိမာန်တွင်ပြုလုပ်သော တရားဝင်အာဇာနည်နေ့အခမ်းအနားတွင် ဒုတိယသမ္မတစိုင်းမောက်ခမ်းနှင့် အတူဒေါ်အောင်ဆန်းစုကြည်မှပူးပေါင်းပါဝင်ခဲ့သည်။
၁၉	EU ၏ မြန်မာနိုင်ငံအတွက် နှစ်သက်ရာကုန်ပစ္စည်းကို အကောက်ခွန်မဲ့သွင်းခွင့်အား အတည်ပြုလိုက်ပြီဖြစ်ပါသည်။
၂၀	သမ္မတဦးသိန်းစိန်သည် မန္တလေးတိုင်း မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်းနှင့်သာစည်မြို့နယ်တို့မှ အရေးပေါ်အခြေအနေအမိန့်ကို ပြန်လည်ရုတ်သိမ်းလိုက်သည်။
၂၁	အစွန်းရောက်ဗုဒ္ဓဘာသာဘုန်းတော်ကြီးဦးဝီရသူ တရားဟောနေစဉ်တွင် မန္တလေးမစိုးရိမ်ကျောင်းတိုက်အနီးတွင် ဗုံးတလုံး ပေါက်ကွဲခဲ့သည်။
၂၁	UN မှပါဝင်ပတ်သက်လာစေရန် ကြိုးစားသည့်အနေဖြင့်မြန်မာနိုင်ငံမှ လူထုအကြားပဋိပက္ခများကို ချဲ့ကားခဲ့ကြသည်ဟု သမ္မတဦးသိန်းစိန်ကပြောကြားလိုက်သည်။
၂၃	တရုတ်အစိုးရပိုင် China Power Investment ကုမ္ပဏီမှအရာရှိများက ကချင်ပြည်နယ်၊ စွမ်ပရာဘွန်မြို့နယ်၊ မလိယမ်း ကျေးရွာမှ စီမံကိန်းကြောင့်ရွှေ့ပြောင်းပေးလိုက်ရသောရွာသားများအား မြစ်ဆုံရေကာတာ၏အကျိုးကျေးဇူးများကို ထုတ်နှုတ်ရေးသားထားသည့် စာရွက်လေးများအားဖြန့်ဝေပေးခဲ့ကြသည်။
၂၃	မေလ ၃၀ ရက်နေ့ကအစိုးရနှင့် KIO အကြားနိဂုံးချုပ်အနေဖြင့်ရရှိခဲ့သော သဘောတူညီချက် ၇ ချက်အရ ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင်ဆက်ဆံရေးရုံးကို KIO မှပြန်လည်ဖွင့်လှစ်ခဲ့သည်။
၂၃	သမ္မတဦးသိန်းစိန်က တရုတ်ဗဟိုစစ်ကော်မရှင်ဒုဥက္ကဋ္ဌ Fan Changlong နှင့် မြန်မာနိုင်ငံမှငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ တရုတ်-မြန်မာနယ်စပ်တည်ငြိမ်ရေး၊ နှစ်နိုင်ငံစစ်ရေးပူးပေါင်းဆောင်ရွက်မှု စသည်တို့ကိုဆွေးနွေးနိုင်ရန် နေပြည်တော် တွင်တွေ့ဆုံခဲ့သည်။
၂၄	၂၀၁၁ ခုနှစ်ဇွန်လ ၂၄ ရက်နေ့က မန္တလေးတိုင်းမှ နေပြည်တော်၊ မန္တလေး၊ မေမြို့တို့တွင်ဆက်တိုက်ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှုများနှင့်ဆက်စပ်၍ ရှမ်းအမျိုးသား ၅ ဦးကို မန္တလေးရှိတရားရုံးတခုမှ ထောင်ဒဏ် ၁၀ နှစ်မှ ၁၂ နှစ်ခွဲအထိ အသီးသီးချမှတ်ခဲ့သည်။
၂၄	မြန်မာနိုင်ငံတွင် ၅ ရက်တာချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် တရုတ်ရေတပ်ကင်းလှည့်သင်္ဘော MV Haixun 01 သည်ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ရောက်လာခဲ့သည်။
၂၄	မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်းအားတွဲဖက်တည်ထောင်သူ လဖိုင်ဆန်းရော်သည် မြန်မာနိုင်ငံမှပဋိပက္ခများဒါဏ်ခံစားနေရ သည့်လူထုအားကူညီပေးခဲ့သည့် သူမ၏လုပ်ဆောင်မှုများကြောင့် Magsaysay ဆုကိုရရှိခဲ့သည်။
၂၅	သမ္မတဦးသိန်းစိန်သည် ဗိုလ်မှူးချုပ်ဇော်ဝင်းအားရဲချုပ်အဖြစ်ခန့်အပ်ခဲ့သည်။
၂၇	အစိုးရအာဏာပိုင်များသည် ရှမ်းပြည်နယ်မြောက်ပိုင်းလားရှိုးတွင် ည ၁၀ နာရီမှ မနက် ၃ နာရီအထိညမထွက်ရအမိန့် ကိုပြန်လည်ရုတ်သိမ်းလိုက်သည်။
၂၈	ကျောက်ဖြူ-ကူမင်းဓါတ်ငွေ့ပိုက်လိုင်းမှ တရုတ်ပြည်သို့စတင်၍သဘာဝဓါတ်ငွေ့ပို့လွှတ်ခဲ့သည်။
၂၉	အစိုးရ၏သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဦးဝင်းထွန်းက မြန်မာနိုင်ငံသည်၂၀၁၄ ခုဧပြီလ ၁ ရက်နေ့မှစ၍ ကျွန်းနှင့်သစ်မာများကိုအလုံးလိုက် (သစ်အကြမ်းထည်) ပြည်ပတင်ပို့ခြင်းကို ရပ်ဆိုင်းတော့မည်ဟုပြောကြား လိုက်သည်။
၂၉	အစိုးရသတင်းစာဖြစ်သော New Light of Myanmar က ဩဂုတ်လအစပိုင်းမှစ၍ ထိုင်းနယ်စပ်တလျှောက်အဓိကနယ်စပ် ဂိတ် ၃ ခုမှမြန်မာနိုင်ငံအတွင်းသို့ဝင်ရောက်လာသည့်နိုင်ငံခြားသားများသည် ကန့်သတ်နယ်မြေများမှလွဲ၍ ပြည်တွင်း တွင်လွတ်လွတ်လပ်လပ်သွားလာနိုင်မည်ဖြစ်ကာ သူတို့စိတ်ကြိုက်ထွက်ပေါက်မှပြန်လည်ထွက်ခွါနိုင်မည်ဖြစ်သည်ဟု ဖော်ပြထားသည်။
၂၉	တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများ၊ NGO များ၊ အတိုက်အခံနိုင်ငံရေးပါတီများနှင့်လူထုအဖွဲ့အစည်းများမှ ကိုယ်စား လှယ် ၁၅၀ ခန့်တို့သည် အစိုးရနှင့်ငြိမ်းချမ်းရေးဆွေးနွေးနိုင်ရန်အတွက်ပူးတွဲမဟာဗျူဟာနှင့်ပတ်သက်၍ ဆွေးနွေးနိုင်ရန် အတွက် ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင် UNFC မှကမကထပြုလုပ်သောညီလာခံကိုစတင်ခဲ့ကြသည်။
၂၉	အစိုးရရေတပ်ဦးစီးချုပ်ဒုတိယဗိုလ်ချုပ်ကြီးသက်ဆွေက အိန္ဒိယရေတပ်ဦးစီးချုပ် D. K. Joshi နှင့်နယူးဒေလီတွင် တွေ့ဆုံ စဉ်တွင် ကင်းလှည့်ရေယာဉ်တည်ဆောက်ခြင်း၊ စစ်ရေးပစ္စည်းကိရိယာများထောက်ပံ့ခြင်းတို့တွင် အိန္ဒိယမှအကူညီပေးပါ ရန်ပန်ကြားခဲ့သည်။
၃၁	ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးရွှေမန်းသည် ပြည်ထောင်စုလွှတ်တော်နာယကနေရာကို ရယူခဲ့သည်။

ဂူလိုင်လအတွင်းထုတ်ပြန်ခဲ့သော မြန်မာနိုင်ငံနှင့်ပတ်သက်သည့်အစီရင်ခံစာများ

"မြန်မာနိုင်ငံမှအရင်းအမြစ်ထုတ်ယူရေးလုပ်ငန်းနှင့်ကောင်းမွန်သောအုပ်ချုပ်ရေး - မြန်မာနိုင်ငံ၏စည်းမျဉ်းထိန်းညှိရေးဘောင်ရှုပ်ထွေးမှု" ရွှေသဘာဝဓါတ်ငွေ့လှုပ်ရှားမှု http://bit.ly/17zY6sm

"နယ်ခြားစောင့်တပ် - ပေါ်လစီထုတ်ပြန်ရန်လိုအပ်မှု" တိုင်းရင်းသားလေ့လာရေးဘားမားစင်တာ http://bit.ly/18LQO9G

"ကိုယ်ပိုင်စကားလုံးများထဲမှဦးသိန်းစိန်" မြန်မာ့အရေးလှုပ်ရှားမှုအဖွဲ့ UK (BCUK) http://bit.ly/1bYssbz

"ဦးသိန်းစိန်သမ္မတဖြစ်ပြီးကတည်းကလူ့အခွင့်အရေးချိုးဖောက်မှုများ" မြန်မာ့အရေးလှုပ်ရှားမှုအဖွဲ့ UK (BCUK) http://bit.ly/1bHNzQF

"မြန်မာနိုင်ငံ - အကူးအပြောင်းထဲမှလွတ်လပ်စွာထုတ်ဖော်ခွင့်" ဆင်ဆာအညွှန်း (Index on Censorship) http://bit.ly/11aQhZk

"ရွှေ့ပြောင်းသတင်းအချက်အလက်မှတ်သားမှု - ၂၀၁၃ခုဇွန်-အမှတ် ၂၀" ရွှေ့ပြောင်းခြင်းအတွက်အပြည်ပြည်ဆိုင်ရာအဖွဲ့ (IOM) http://bit.ly/13emZqa

"မြန်မာနိုင်ငံမှ DFID ၏ကျန်းမာရေးပရိုဂရမ်" အကူအညီသက်ရောက်မှုအတွက်လွတ်လပ်သောကော်မရှင် (ICAI) http://bit.ly/13VFfUh